## ဆရာများအတွက်အမှာစာ

ဤအမှာစာတွင် ဆရာလမ်းညွှန်စာအုပ်မိတ်ဆက် (Introduction)၊ သင်ခန်းစာအစီအစဉ်များ (Lesson Plans) နှင့် ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက် (Glossary of Words) ဟူ၍ အဓိကအပိုင်း ၃ ပိုင်းပါရှိသည်။

**၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်**

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများ ပါဝင်သည်။

(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုမြှင့်တင်ပြခြင်း
(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ
(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)
(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ
(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို မြှင့်တင်ပြခြင်း
(စ) ၂၁ရာစုကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)
(ဆ) အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကိုမြှင့်တင်ပြခြင်း
(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan)

**(က) ကျောင်းသားဗဟိုပြုသင်ကြားနည်းပညာကိုမြှင့်တင်ပြခြင်း**

ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါ အဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ပြည့်ဝမှုရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး သင်ကြားပုံစံများတွင် အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင် တွေ့ကြုံနိုင်သည့် အခက်အခဲပြဿနာများ ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများကိုစီစဉ် ဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving) နှင့် အဆင့်အတန်း မြင့်မားစွာ ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ တိုးတက်လာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများကလည်း အချင်းချင်း ဆွေးနွေးကြသည်။ မေးခွန်းများမေးကြသည်။ နားထောင်ကြသည်။

**(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ**

ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့်ကျောင်းသားများ အတူတကွအောက်ပါတို့ကို ဆောင်ရွက် ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင်ဆောင်ရွက်ပေးသည်။
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။
- ဆရာနှင့် ကျောင်းသားများတွင် တိကျရှင်းလင်းသော သင်ကြားသင်ယူရရှိမှုနှင့် တုံ့ပြန်အကြံပြုချက်များ (feedback) ပုံမှန်ရှိနေကြသည်။


DBE Box – Copyright Protected

**သင်ယူမှုရလဒ်များ** (Learning Outcomes)

သင်ယူမှုအချိန်ကာလတစ်ခုအဆုံးတွင် ကျောင်းသားများအား မည်သည့်အသိဉာဏ်ပညာ၊ ဗဟုသုတ၊ စိတ်နေသဘောထားနှင့် တန်ဖိုးထားမှုများ သိရှိသွားစေရန်၊နားလည်သွားစေရန်၊လက်တွေ့လုပ်ဆောင်နိုင်စေရန် မျှော်မှန်းထားသည်များကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် ဖော်ပြချက်များပါရှိသည်။ (သင်ခန်းစာ အစီအစဉ်များ (lesson plans) ကို ကြည့်ပါ။)

**(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း** (Bloom's Taxonomy)

အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans)နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များကို ထည့်သွင်းအသုံးပြုထားသည်။ သင်ခန်းစာအစီအစဉ်များတွင် ယင်းအဆင့်များကိုဖော်ပြသည့် အဓိကစကားလုံးများဖြစ်သည့် မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်တို့ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏ သင်ယူမှုအဆင့်များပြပုံ**

**(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ**

ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါမေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

**သင်ခန်းစာအစတွင်**

- ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိဉာဏ် ပညာများကို သင်ယူရရှိသွားမည်နည်း။
- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသားများအတွက် မည်သည့်ကိရိယာ၊ သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- မည်သည့် ရလဒ်ရလိမ့်မည်ဟု ထင်သနည်း။

DBE Box — Copyright Protected

**သင်ခန်းစာအလယ်တွင်**

- သင်ခန်းစာ သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ မရှိ။
- ကျောင်းသားများ သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာ့အနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များလိုအပ်မှု ရှိ မရှိ။

**သင်ခန်းစာအဆုံးတွင်**

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်ဖြစ်စေသည့် အခြားမေးခွန်းများ ထွက်ပေါ်စေခဲ့ခြင်း ရှိ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကို အကဲဖြတ်ရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း၊ နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

**(င) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုခြုံငုံတင်ပြခြင်း**

သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားများနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့်စစ်ဆေးအကဲဖြတ်ခြင်းကိုအသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအားရှေ့ဆက်၍ အောင်မြင်စွာ သင်ယူလိုပါက နောင်တွင်မည်သို့ သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

**(၁) စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းတွင် အောက်ပါနည်းလမ်းများပါဝင်ပါသည်။**

- **ကျောင်းသားဗဟိုပြုမှု** – ဆရာနှင့် ကျောင်းသားများသည် ဆရာက သင်ကြားခြင်းထက် ကျောင်းသားများကိုယ်တိုင် စူးစမ်းလေ့လာခြင်းနှင့် သင်ယူမှုပိုမိုတိုးတက်ရေးကို အလေးထားကြသည်။ ကျောင်းသားများသည် ဆရာကမည်သည်ကို လုပ်ဆောင်ရန်ပြော၍ မဟုတ်ဘဲ မည်သည်ကိုသင်ယူရန် နားလည်ကြသည်။
- **ဆရာ၏စီစဉ်ဆုံးဖြတ်မှု** – ဆရာအသီးသီးသည် မည်သည်ကို မည်သို့ စစ်ဆေးအကဲဖြတ်ရမည်နှင့် စစ်ဆေးအကဲဖြတ်ခြင်းမှ ရရှိသည့်အချက်အလက်များကို မည်သို့ အသုံးပြုဆောင်ရွက်မည်ဆိုသည်ကို ဆုံးဖြတ်သည်။
- **ကျောင်းသားများ၏တက်ကြွသောပါဝင်ဆောင်ရွက်မှု** – ကျောင်းသားများသည် စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ်ပါဝင်သောကြောင့် မိမိတို့ မည်သည့်အရာကို သင်ယူသင့်သည်ကို ပိုမိုနားလည်ကြသည်။ ထို့အပြင် မိမိကိုယ်မိမိ စစ်ဆေးအကဲဖြတ်ခြင်း (self-assessment) တွင်လည်း ပိုမိုကျွမ်းကျင်လာသည်။ ကျောင်းသားများသည် ဆရာက ယင်းတို့ကို သင်ယူသူအဖြစ် စိတ်ဝင်စားမှု ရှိကြောင်း နားလည်သဘောပေါက်လာသောအခါ သင်ယူလိုစိတ် မြင့်မားလာသည်။
- **သင်ကြားသင်ယူစဉ်စစ်ဆေးအကဲဖြတ်ခြင်း** (Formative Assessment) – သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသား၏ သင်ယူမှုတိုးတက်မှုအခြေအနေအကြောင်းကို ဆရာ သိရှိစေသော အထောက်အထားများ ဖြစ်သည်။ သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုသာ ဆရာက ကျောင်းသား

DBE Box – Copyright Protected

များ၏ သင်ယူမှုတိုးတက်စေရန် ကူညီပေးနိုင်မည်ဖြစ်သည်။ ဆရာက ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ အထောက်အထားကို အကောင်းဆုံး မည်သို့ မှတ်သားမည်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ သို့မှသာ ရရှိသည့် အထောက်အထားအပေါ် မူတည်၍ ဆရာက ကျောင်းသား၏ သင်ယူမှုတိုးတက်စေရန် မိမိ၏ သင်ကြားမှုကိုထိန်းညှိနိုင်သည်။ဆရာများ၏သင်ကြားသင်ယူစဉ် စစ်ဆေးအကဲဖြတ်မှုစွမ်းရည်နှင့် နည်းလမ်းများပိုမိုကောင်းမွန်စေရေးအတွက် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅လုံး) ဖွံ့ဖြိုးရေးကို စတင်ဆောင်ရွက်ရန်အရေးကြီးသည်။ ဆရာတိုင်းတွင် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရှိလျှင် သင်ခန်းစာတိုင်းတွင် ကျောင်းသားများ၏သင်ယူမှုကို အားပေး မြှင့်တင်နိုင်မည်ဖြစ်သည်။

(၂) **စာသင်ခန်းအဆင့်သင်ကြားစဉ်စစ်ဆေးအကဲဖြတ်ခြင်းအတွက်နည်းဗျူဟာများ**

- **လေ့လာကြည့်ရှုခြင်း** (Observation) – လက်တွေ့လုပ်ငန်းများနှင့် သရုပ်ပြလုပ်ရှားဆောင်ရွက်မှုများအတွက် ပြင်ဆင်နေကြပုံများအပါအဝင် အုပ်စုလိုက်ဆောင်ရွက်ကြပုံများကို ဆရာက တိုက်ရိုက်လေ့လာကြည့်ရှုခြင်းနှင့်တွေ့ရှိချက်များကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကိုယ်ရည် ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills: C - ၅လုံး) ကိုလည်း လေ့လာကြည့်ရှုပါ။
- **မေးခွန်းများမေးခြင်း** (Questioning) – ဆရာသည် ကျောင်းသားများ၏ သိနားလည်မှု (ဘာလွန်းမ်၏ သင်ယူမှုအဆင့်ခွဲခြင်း) ကို ဆုံးဖြတ်ရန် မေးခွန်းများမေး၍ ရရှိသောရလဒ်အရ ယင်း၏သင်ကြားမှုကို ချိန်ဆသည်။ ဤသို့ဆောင်ရွက်ခြင်းသည် သင်ခန်းစာများ သို့မဟုတ် သင်ခန်းစာတစ်ခု၏ နောက်ဆုံးအဆင့်ဖြစ်သော ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတွင်သာမက စာသင်ကြားစဉ် အချိန်မရွေး ဖြစ်ပေါ်နိုင်သည်။
- **ကျောင်းသားများ၏သင်ယူမှုဂျာနယ်** (Student Learning Journal) – ဆရာသည် စဉ်းစားဖြေဆိုရသည့်မေးခွန်းများ (open-ended questions) (ဥပမာ - မည်သည်ကို သင်ယူခဲ့ပြီး ဖြစ်သည်။ မည်သည်ကို သင်ယူရန်လိုအပ်နေသေးသည်။) ကိုပေး၍ ကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် အဖြေများ ရေးသားစေခြင်းဖြစ်သည်။ဤကဲ့သို့ သင်ယူမှုဂျာနယ်ရေးခြင်းကို သင်ခန်းစာပြီးဆုံးသောအခါ ပြန်လည်သုံးသပ်ခြင်းအဖြစ်သုံးနိုင်သည်။ထို့အပြင် နောက်သင်ခန်းစာအစတွင်လည်း ကျောင်းသားများအား သူတို့သိပြီးသော ယနေ့သင်ခန်းစာ၏ ရည်ရွယ်ချက်ကို ပြန်ချရေးခိုင်းခြင်းဖြင့် အထက်ပါနည်းလမ်းကို အသုံးပြုကာ ကျောင်းသားများရရှိထားသော ဗဟုသုတအခြေအနေကို စစ်ဆေးနိုင်သည်။ ဆရာသည် ကျောင်းသားများ၏သင်ယူမှုဂျာနယ်များကိုနမူနာ(ဥပမာ ၁၀အုပ်)ကောက်ယူကြည့်၍ တစ်တန်းလုံး၏ လုပ်ဆောင်တတ်မြောက်မှုအခြေအနေ သို့မဟုတ် ယခင်ရှိပြီးသား ဗဟုသုတကို ခြုံငုံအကဲဖြတ်ခြင်းနှင့် တွေ့ရှိချက်အပေါ် မူတည်၍ သင်ကြားမှု ထိန်းညှိခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

DBE Box - Copyright Protected

**(စ) ၂၁ရာစုကျွမ်းကျင်မှုများ** (21st Century Skills) **နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ** (Soft Skills)

လူငယ်များသည် ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ လိုအပ်ပါသည်။ C-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက် အရေးကြီးသောကျွမ်းကျင်မှုများမှာ -

- **ပူးပေါင်းဆောင်ရွက်ခြင်း** (Collaboration) / **အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း** (Group Work) – ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များမျှဝေရန်နှင့် ပြဿနာအခက်အခဲများကို ပူးပေါင်းအဖြေရှာတတ်ရန် အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (Communication) – နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- **လေးနက်စွာဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (Critical Thinking and Problem Solving) – ကျောင်းသားများအား ပြဿနာများ၏အဖြေများကို ရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (Creativity and Innovation) - အတွေးအခေါ်အယူအဆသစ်များရှာဖွေခြင်းနှင့် ပြဿနာများကိုဖြေရှင်းခြင်းတို့ပြုလုပ်ရန် သတ်မှတ်ထားသည့်စည်းဘောင် အတွင်းမှအပြင်သို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- **နိုင်ငံသားကောင်းဖြစ်ခြင်း** (Citizenship) – ကျောင်းတွင်း လူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းတို့ဖြစ်သည်။

**(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်းလူမှုရေးရှုထောင့်များကိုမြှင့်တင်ပြခြင်း**

**(ကျား–မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)**

အမျိုးသားပညာရေးဥပဒေ (၂၀၁၄) တွင် သင်ရိုးညွှန်းတမ်းသည် မတူကွဲပြားခြားနားခြင်း (diversity) ကို နားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality) ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော၊ တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်သည့် သင်ရိုးညွှန်းတမ်းဖြစ်သည့်အပြင် နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

အခြေခံစည်းမျဉ်းအနေဖြင့် အခြေခံပညာအဆင့် စာသင်ခန်းများသည် ကျား - မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive) စေရန်ဖြစ်သည်။အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသား၊ ကျောင်းသူ တစ်ဦးစီ၏ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကို လေးစားပြီး တစ်ဦးနှင့်တစ်ဦးမတူညီသော ကွဲပြားခြားနားမှုကို နားလည် အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

ဆရာသည်နိုင်ငံသားကောင်းဖြစ်စေရန်စေ့ဆော်ပေးသည့်လိုလားဖွယ်ရာအပြုသဘောဆောင်သည့်သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှု များကပင် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

DBE Box - Copyright Protected

ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသော အခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသော ယဉ်ကျေးမှု၊ မတူညီ သော လူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

ဆရာသည် မိမိ၏စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံး အကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသား၊ ကျောင်းသူ အားလုံးကို တန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေ ဆွေးနွေးနိုင်သည်။

**(ဓ) သင်ရိုးမာတိကာ** (Syllabus) **နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာအစီအစဉ်** (Year Plan)

ဆဋ္ဌမတန်း၊အနုပညာ(ပန်းချီ)သင်ရိုးမာတိကာ၊စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ်(Year Plan)နှင့် သင်ခန်းစာ ခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့် ဖော်ပြထားသည်။

(၁) **ဆဋ္ဌမတန်း** (Grade-6) **အနုပညာ(ပန်းချီ) သင်ရိုးမာတိကာ**(Syllabus)

| နယ်ပယ် (Strand) | သင်ယူမှုရည်ရွယ်ချက်များ (LearningObjectives) | သင်ယူမှုရလဒ်များ (Learning Outcomes) | တတ်မြောက်မှုအညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| ပန်းချီ အနုပညာ | ခဲတံအသုံးပြုပုံနှင့် အခြေခံ ပုံဆွဲပညာနည်းစနစ်များ(မျဉ်း၊ပုံသဏ္ဌာန်၊ ထုထည်များ ခွဲခြမ်းပုံ၊ တည်ဆောက်ပုံ)ကို စနစ်တကျအသုံးပြုရေးဆွဲတတ်ရန်။<br><br>အရောင်များအကြောင်း သိရှိရန်နှင့် အရောင်များ ရောစပ်ပုံတို့ကို သိရှိရန်။<br><br>အရောင်များကိုသိရှိပြီး မိမိစိတ်ကူးထားသောပုံများပေါ်တွင်စနစ်တကျထည့်သွင်း ရေးဆွဲတတ်ရန်။ | ပန်းချီအနုပညာနှင့်ပတ်သက်သည့် အခြေခံလုပ်ငန်းများကို အဆင့်လိုက် စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။<br>မျဉ်းကြောင်းအမျိုးအစားများ၊မျဉ်းရေးဆွဲရာတွင်သတိပြုရန်အချက်များ နှင့် မျဉ်းများရေးဆွဲခြင်းများကိုသိရှိပြီးစနစ်မှန်ကန်စွာရေးဆွဲရှင်းပြတတ်မည်။<br>အခြေခံပုံသဏ္ဌာန်အမျိုးအစားများကိုသိရှိနားလည်ပြီး အရာဝတ္ထုများမှ အခြေခံပုံသဏ္ဌာန်များခွဲထုတ်ရေးဆွဲနိုင်မည်။အခြေခံပုံသဏ္ဌာန်များကိုဖွဲ့စည်းပေါင်းစပ်ပြီးရေးဆွဲနိုင်၍ ခဲဖြင့်အသွေးအနုအရင့်ခွဲခြားရေးခြယ်နိုင်မည်။<br><br>အခြေခံပုံသဏ္ဌာန်စက္ကူမိုပုံများဖြင့် ပုံကူးယူတတ်မည်။ အခြေခံပုံသဏ္ဌာန်များဖြင့် ရှုမျှော်ခင်းပုံနေရာချဆေးခြယ်ခြင်းပြုလုပ်နိုင်မည်။အခြေခံထုထည်များကိုသိရှိနားလည်ပြီး အခြေခံပုံသဏ္ဌာန်ဖြင့်ရေးဆွဲထားသောပုံများတွင်ထုထည်မျဉ်းများထည့်သွင်းရေးဆွဲတတ်မည်။ရေးဆွဲပြီးသောထုထည်ပုံ | ခဲတံအသုံးပြုပုံနှင့် အခြေခံပုံဆွဲပညာနည်းစနစ်များ(မျဉ်း၊ပုံသဏ္ဌာန်၊ ထုထည်များ ခွဲခြမ်းပုံ၊ တည်ဆောက်ပုံ) ကို နားလည်သိရှိပြီးစနစ်တကျရေးဆွဲတတ်သည်။<br><br>အရောင်များအကြောင်းနှင့် အရောင်စက်ဝိုင်း ဖွဲ့စည်းပုံ၊ ရောစပ်ပုံတို့ကို စနစ်တကျ နားလည်ပြုလုပ်တတ်သည်။ |

DBE Box Copyright Protected

| | | | |
|---|---|---|---|
| | မှတ်ဉာဏ်၊စိတ်ကူးဉာဏ်၊ တီထွင်ဉာဏ်တိုးပွားလာစေ ရန်။ | များတွင်ခဲဖြင့်အသေးအနုအရင့် ထည့်သွင်းရေးခြယ်နိုင်မည်။ သိရှိပြီးသောထုထည်သဘော တရားများဖြင့် စက္ကူဘူးခွံများ အသုံးပြုပြီးအဆောက်အအုံများ ပြုလုပ်ဆေးခြယ်ခြင်းနှင့်စုပေါင်း၍မြို့ပြရှုခင်းတစ်ခုဖန်တီးနိုင် မည်။လွယ်ကူသောလူပုံရေးဆွဲမှု အဆင့်ဆင့်ကို ရေးဆွဲတတ်ပြီး လူမျက်နှာရှိထူးခြားသောအချက် များဖြင့်လူပုံတူရေးဆွဲတတ်လာ မည်။<br>ရှုမျှော်ခင်းတစ်ခု၏မြင်ကွင်း ကိုရှာဖွေတတ်ပြီးနီးဝေးသဘော ဖြင့် ရှုမျှော်ခင်းပုံရေးဆွဲနိုင်မည်။ သက်ငြိမ်ပန်းချီ၏ သဘော သဘာဝကိုသိရှိပြီး အရောင် အသေးနှင့် အရွယ်အစားများ ခွဲခြားကာ ဖွဲ့စည်းရေးဆွဲတတ် မည်။ ရရှိလာသောပန်းချီကား များကို တာဝန်ခွဲဝေကာပြပွဲပြု လုပ်တတ်လာမည်။ | |
| လက်မှု ပညာ | သဘာဝမှရရှိသောရွှံ့လုပ်ငန်း ဖြစ်သည့် ကပ်ခြင်း(ဖို့ခြင်း)၊ နှုတ်ခြင်း (ဖဲ့ထုတ်ခြင်း) ရစ်ခွေခြင်း(ပုံဖော်ခြင်း)များကို နားလည်သဘောပေါက်အောင် လက်တွေ့ပြုလုပ်တတ်ရန်နှင့် ကိုယ်တိုင် တီထွင်ဖန်တီးပြု လုပ်တတ်ရန်။<br>စက္ကူများ၊စွန့်ပစ်ပစ္စည်းများ ဖြင့် အသုံးအဆောင်ပစ္စည်း များ ပြုလုပ်ဖန်တီးတတ်ရန်။ | ရွှံ့လုပ်ငန်း၊စက္ကူလုပ်ငန်းအချို့ ဖြင့်ပုံဖော်တတ်ခြင်းနှင့် စွန့်ပစ် ပစ္စည်းအချို့ဖြင့်အသုံးအဆောင် ပုံဖော်တတ်ခြင်းတို့ကိုလုပ်ဆောင် နိုင်မည်ဖြစ်သည်။ ထို့ပြင်စဉ်းစား တွေးခေါ်မှုကိုအကောင်အထည် ဖော်နိုင်ခြင်း၊သေသပ်သန့်ရှင်းစွာ လုပ်ကိုင်တတ်ခြင်း၊ ဆက်သွယ် ဆောင်ရွက်တတ်ခြင်း၊ တွေ့မြင်ခဲ့ သည်များကို ထုထည်အဖြစ် ပြန်လည်ပုံဖော်နိုင်ခြင်း၊အကြောင်း အရာတစ်ခုပုံပေါ်နိုင်ရန်အရာဝတ္ထု တစ်ခုချင်းစီကိုချိန်ဆတွဲစပ်တတ် ခြင်း၊ လုပ်ငန်း တစ်ခုလုံးကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်းပြီး မြောက်အောင်ဆောင်ရွက်တတ် ခြင်း၊အများသဘောနှင့်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်တတ်ခြင်း၊ ပတ်ဝန်းကျင်မည်သို့ ထိန်းသိမ်း ရမည်ကို လက်တွေ့ဆောင်ရွက် တတ်ခြင်းများလုပ်ဆောင်နိုင်မည်။ | သဘာဝမှရရှိသောရွှံ့လုပ်ငန်း ဖြစ်သည့် ကပ်ခြင်း (ဖို့ခြင်း)၊ နှုတ်ခြင်း (ဖဲ့ထုတ်ခြင်း) ရစ်ခွေခြင်း (ပုံဖော်ခြင်း)များကို စနစ်တကျလက်တွေ့ပြုလုပ် တတ်သည်။<br>စက္ကူဖြင့်ပစ်တိုင်ထောင်ရုပ် များစာအိတ်များပြုလုပ်တတ် မည်။ |

DBF Box – Copyright Protected

| | | | |
|---|---|---|---|
| ရသခံစားတန်ဖိုးထားမှု | မိမိနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းလိုစိတ်ရှိစေရုံသာမကနိုင်ငံတိုင်းရှိကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း တန်ဖိုးထားထိန်းသိမ်းတတ်ရန်။ | အနုပညာရသခံစားတတ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များတန်ဖိုးထားထိန်းသိမ်းလိုစိတ် ရရှိမည်။မြန်မာနိုင်ငံတွင်းနှင့်ကမ္ဘာ့နိုင်ငံများရှိအနုပညာလက်ရာများကိုရှာဖွေလိုစိတ်ဖြစ်ပေါ်မည်။ ဒေသန္တရဗဟုသုတကိုရှာမှီးလိုစိတ်ဖြစ်ပေါ်လာပြီးငှင်းမှ တစ်ဆင့်ကြံ့ခိုင်စေသောခက်ခဲသည့်ခရီးစဉ်များကိုသွားလိုမည်။ သွားလာဆက်သွယ်ဆောင်ရွက်လိုသောအလေ့အကျင့်များမှ ပိုမိုပူးပေါင်းဆောင်ရွက်လိုသောအလေ့အကျင့်များရရှိမည်။ ကျောက်ခေတ်လူသားများမှ ယနေ့ခေတ်အထိတိုးတက်လာသောဖြစ်ရပ်တို့ကို နှိုင်းယှဉ်ပြီး ထင်မြင်ချက်များ ပေးနိုင်ခြင်းကြောင့်ခွဲခြမ်းစိတ်ဖြာတတ်သောအလေ့အကျင့်နှင့်တန်ဖိုးဖြတ်တတ်သောစရိုက်လက္ခဏာများပိုမိုဖြစ်ထွန်းမည်။လက်တွေ့ကျကျအတွေးအခေါ်ရင့်သန်မှုနှင့်တီထွင်ဖန်တီးလိုခြင်းများဖြစ်စေမည်။ | မိမိနိုင်ငံ၏ယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းလိုစိတ်ရှိစေရုံသာမကနိုင်ငံတိုင်းရှိကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း တန်ဖိုးထား ထိန်းသိမ်းတတ်မည်။ |

## (၂) စာသင်နှစ်တစ်နှစ်စာသင်ခန်းစာအစီအစဉ် (Year Plan) နှင့် သင်ခန်းစာအလိုက်အချိန်ခွဲဝေမှု

| သီတင်းပတ် | သင်ချိန်ပေါင်း | အခန်း (နယ်ပယ်) | သင်ခန်းစာခေါင်းစဉ် (နယ်ပယ်ခွဲ) | အဓိကအကြောင်းအရာ/ ခေါင်းစဉ်ခွဲများ |
|---|---|---|---|---|
| ၁ | ၁ | | (၁-၁) မျဉ်းကြောင်းများကိုစနစ်မှန်ကန်စွာရေးဆွဲခြင်း | (၁-၁-၁) မျဉ်းကြောင်းအမျိုးအစားများ |
| | | | | (၁-၁-၂) မျဉ်းရေးဆွဲရာတွင်သတိပြုရန်အချက်များ |
| | | | | (၁-၁-၃) မျဉ်းဖြောင့်များရေးဆွဲခြင်း |
| | | | | (၁-၁-၄) မျဉ်းကောက်များရေးဆွဲခြင်း |
| ၂ | ၁ | အခန်း(၁) | (၁-၂)အခြေခံပုံသဏ္ဍာန်များကို လေ့လာရေးဆွဲခြင်း | (၁-၂-၁) အခြေခံပုံသဏ္ဍာန်အမျိုးအစားများ |
| | | | | (၁-၂-၂) အခြေခံပုံသဏ္ဍာန်များကိုရေးဆွဲခြင်း |
| ၃ | ၁ | ပန်းချီ | (၁-၃) အခြေခံပုံသဏ္ဍာန်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့် ရေးခြယ်ခြင်း | (၁-၃-၁) အခြေခံပုံသဏ္ဍာန်များကိုအသုံးပြု၍အရာဝတ္ထုများရေးဆွဲခြင်း |
| | | | | (၁-၃-၂) အသွေးအနုအရင့်များလေ့လာရေးဆွဲခြင်း |
| ၄ | ၁ | အနုပညာ | (၁-၄) အခြေခံပုံသဏ္ဍာန်များဖြင့် ပုံကူးယူခြင်း | (၁-၄-၁) စက္ကူမိုများ ပြုလုပ်ခြင်း |
| | | | | (၁-၄-၂) ကူးယူခြင်း |

DBE Box - Copyright Protected

| | | | | |
|---|---|---|---|---|
| ၅ | ၁ | | (၁-၅)စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို ရေးခြယ်ခြင်း | (၁-၅-၁) ရေးဆွဲမည့်အကြောင်းအရာကိုရှာဖွေခြင်း |
| | | | | (၁-၅-၂) နေရာချထားခြင်းနှင့် ဆေးခြယ်ခြင်း |
| | | | | (၁-၅-၃) လေ့ကျင့်လက်ရာများ |
| ၆ | ၁ | | (၁-၆)ထုထည်များကို လေ့လာရေးဆွဲခြင်း | (၁-၆-၁) အခြေခံထုထည်များ |
| | | | | (၁-၆-၂) ထုထည်ပုံများရေးဆွဲခြင်း |
| ၇ | ၁ | | ပြန်လည်လေ့ကျင့်ခြင်း | |
| ၈ | ၁ | | စာမေးပွဲ | |
| ၉ | ၂ | | (၁-၇) ထုထည်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့်ရေးခြယ်ခြင်း | (၁-၇-၁) အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့်ထည့်သွင်းရေးဆွဲခြင်း |
| | | | | (၁-၇-၂)အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်ထည့်သွင်းရေးဆွဲခြင်း |
| ၁၀ | ၂ | | (၁-၈) ထုထည်များအဆောက်အအုံများ စုပေါင်းဖန်တီးခြင်း | (၁-၈-၁) ရောင်စုံခြယ်ထားသောကမ္ဘာတစ်လွှားမှ အိမ်များ |
| | | | | (၁-၈-၂)အဆောက်အအုံများ ပြုလုပ်ခြင်း |
| ၁၁ | ၁ | | (၁-၉)သူငယ်ချင်းပုံရေးဆွဲခြင်း | (၁-၉-၁)လူပုံရေးဆွဲမှုမိတ်ဆက် |
| | | | | (၁-၉-၂)ထူးခြားချက်များကို ရှာဖွေရေးဆွဲခြင်း |
| ၁၂ | ၂ | | (၁-၁၀)ရှုမျှော်ခင်းပုံ ရေးဆွဲခြင်း | (၁-၁၀-၁)ရှုမျှော်ခင်းတွင် ပါဝင်သောအပိုင်းများ |
| | | | | (၁-၁၀-၂)မြင်ကွင်းရှာကားချပ် (Viewfinder)ဖြင့် ရှာခြင်း |
| ၁၃ | ၁ | | (၁-၁၁)သက်ငြိမ်ပန်းချီရေးဆွဲခြင်း | (၁-၁၁-၁)နေရာချထားခြင်း |
| | | | | (၁-၁၁-၂)အသွေးအနုအရင့် ခွဲခြားရေးခြယ်ခြင်း |
| ၁၄ | ၂ | | (၁-၁၂)ပြပွဲပြုလုပ်ခြင်း | (၁-၁၂-၁)တာဝန်ခွဲဝေခြင်း |
| | | | | (၁-၁၂-၂)စုဆောင်းခြင်း |
| ၁၅ | ၁ | | အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း | |
| ၁၆ | ၁ | အခန်း(၂) | (၂-၁) ရွှံ့ဖိုဖြည့်ခြင်းနည်းဖြင့် အသီးအနှံပုံများ ပြုလုပ်ခြင်း | (၂-၁-၁)ပြင်ဆင်ခြင်း |
| | | | | (၂-၁-၂)ပုံကြမ်းလျှာထားပြုလုပ်ခြင်း |
| | | | | (၂-၁-၃)ပုံကြမ်းထုထည်ပေါ်တွင် ဖိုဖြည့်ခြင်း |
| | | | | (၂-၁-၄)အချောကိုင်ခြင်း |
| ၁၇ | ၁ | လက်မှု | (၂-၂) ရွှံ့ဖြင့် ရှုခင်းပုံပြုလုပ်ခြင်း | (၂-၂-၁)ရွှံ့အောက်ခံပြားပြုလုပ်ခြင်း |
| | | | | (၂-၂-၂)ပုံကြမ်းရွှံ့တုံးများပြုလုပ်ခြင်း |
| | | ပညာ | | (၂-၂-၃)ဖိုဖြည့်ခြင်းနှင့် ဖဲ့နုတ်ခြင်း |

DBE Box – Copyright Protected

| | | | | |
|---|---|---|---|---|
| ၁၈ | ၁ | | (၂-၃) နှံ့ဖြင့်ခွက်တစ်ခွက်ပြုလုပ်ခြင်း | (၂-၃-၁)နှံ့ပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၂)အောက်ခြေပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၃)ဒေါင်လိုက်ပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၄)အောက်ခံပြားနှင့်တွဲစပ်ခြင်း |
| | | | | (၂-၃-၅) ကိုင်းတပ်ပြီးအချောကိုင်ခြင်း |
| ၁၉ | ၁ | | ပြန်လည်လေ့ကျင့်ခြင်း | |
| ၂၀ | ၁ | | စာမေးပွဲ | |
| ၂၁ | ၁ | | (၂-၄)စွန့်ပစ်ပစ္စည်းအပိုင်းအစ များဖြင့်ကပ်ခြင်း | (၂-၄-၁) အောက်ခံစက္ကူပြားရွေးချယ်ခြင်း |
| | | | | (၂-၄-၂) ကပ်မည့်အပိုင်းအစများစုဆောင်းခြင်း |
| | | | | (၂-၄-၃) အပိုင်းအစများကပ်ခြင်း |
| ၂၂ | ၁ | | (၂-၅) စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်း | (၂-၅-၁) မဖြတ်တောက်ဘဲ ချိုးခေါက်ခြင်း |
| ၂၃ | ၁ | | (၂-၆) စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ခြင်း | (၂-၆-၁) လိုသောမိုထုထည်ပုံ ပြုလုပ်ခြင်း |
| | | | | (၂-၆-၂) စက္ကူကို မိုထုထည်ပုံပေါ် ကပ်ခြင်း |
| | | | | (၂-၆-၃) စက္ကူများ ထပ်ကပ်ခြင်း |
| | | | | (၂-၆-၄) စက္ကူထုထည်တုံးကို ထက်ဝက်ပိုင်းခြင်း |
| | | | | (၂-၆-၅) ပြန်တွဲဆက်ခြင်း |
| ၂၄ | ၁ | | (၂-၇) ရေသန့်ဘူးခွံဖြင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ခြင်း | (၂-၇-၁) ဖြတ်တောက်ခြင်း |
| | | | | (၂-၇-၂) တွဲဆက်ခြင်း |
| ၂၅ | ၁ | | (၂-၈) အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ခြင်း | (၂-၅-၁) လက်ကောက်ရောင်စုံကွင်းများပြုလုပ်ခြင်း |
| ၂၆ | ၁ | | **အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း** | |
| ၂၇ | ၁ | **အခန်း(၃) ရသခံစားတန်ဖိုးထားမှု** | (၃-၁) ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေး ပန်းချီ | (၃-၁-၁) ပြဒါးလင်းဂူများ |
| | | | | (၃-၁-၂) တွေ့ရှိရသောပုံများ |
| ၂၈ | ၁ | | (၃-၂) ကျောက်ခေတ်ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီ | (၃-၂-၁) တွေ့ရှိရသောနေရာများ |
| | | | | (၃-၂-၂) ကမ္ဘာ့ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများ |
| ၂၉ | ၁ | | **အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း** | |
| ၃၀ | ၁ | | ပြန်လည်လေ့ကျင့်ခြင်း | |
| ၃၁ | ၁ | | **စာမေးပွဲ** | |

## ၂။ **သင်ခန်းစာအစီအစဉ်များ**(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

DBE Box - Copyright Protected

| | | | | |
|---|---|---|---|---|
| ၁၈ | ၁ | | (၂-၃) ရွံ့ဖြင့်ခွက်တစ်ခွက်ပြုလုပ်ခြင်း | (၂-၃-၁)ရွံ့ပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၂)အောက်ခြေပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၃)ဒေါင်လိုက်ပြားပြုလုပ်ခြင်း |
| | | | | (၂-၃-၄)အောက်ခံပြားနှင့်တွဲစပ်ခြင်း |
| | | | | (၂-၃-၅) ကိုင်းတပ်ပြီးအချောကိုင်ခြင်း |
| ၁၉ | ၁ | | **ပြန်လည်လေ့ကျင့်ခြင်း** | |
| ၂၀ | ၁ | | **စာမေးပွဲ** | |
| ၂၁ | ၁ | | (၂-၄)စွန့်ပစ်ပစ္စည်းအပိုင်းအစ များဖြင့်ကပ်ခြင်း | (၂-၄-၁) အောက်ခံစက္ကူပြား ရွေးချယ်ခြင်း |
| | | | | (၂-၄-၂) ကပ်မည့်အပိုင်းအစများ စုဆောင်းခြင်း |
| | | | | (၂-၄-၃) အပိုင်းအစများကပ်ခြင်း |
| ၂၂ | ၁ | | (၂-၅) စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဍာန်ဖော်ခြင်း | (၂-၅-၁) မဖြတ်တောက်ဘဲ ချိုးခေါက်ခြင်း |
| ၂၃ | ၁ | | (၂-၆) စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်ခြင်း | (၂-၆-၁) လိုသောမိုထုထည်ပုံ ပြုလုပ်ခြင်း |
| | | | | (၂-၆-၂) စက္ကူကို မိုထုထည်ပုံပေါ် ကပ်ခြင်း |
| | | | | (၂-၆-၃) စက္ကူများ ထပ်ကပ်ခြင်း |
| | | | | (၂-၆-၄) စက္ကူထုထည်တုံးကို ထက်ဝက်ပိုင်းခြင်း |
| | | | | (၂-၆-၅) ပြန်တွဲဆက်ခြင်း |
| ၂၄ | ၁ | | (၂-၇) ရေသန့်ဘူးခွံဖြင့် အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ခြင်း | (၂-၇-၁) ဖြတ်တောက်ခြင်း |
| | | | | (၂-၇-၂) တွဲဆက်ခြင်း |
| ၂၅ | ၁ | | (၂-၈) အအေးပိုက်ချောင်းကလေး များဖြင့် ပုံဖော်ခြင်း | (၂-၅-၁) လက်ကောက်ရောင်စုံ ကွင်းများပြုလုပ်ခြင်း |
| ၂၆ | ၁ | | **အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း** | |
| ၂၇ | ၁ | **အခန်း(၃) ရသခံစား တန်ဖိုးထားမှု** | (၃-၁) ကျောက်ခေတ်မြန်မာ့ဂူနံရံ ဆေးရေး ပန်းချီ | (၃-၁-၁) ပြဒါးလင်းဂူများ |
| | | | | (၃-၁-၂) တွေ့ရှိရသောပုံများ |
| ၂၈ | ၁ | | (၃-၂) ကျောက်ခေတ်ကမ္ဘာ့ဂူနံရံ ဆေးရေးပန်းချီ | (၃-၂-၁) တွေ့ရှိရသောနေရာများ |
| | | | | (၃-၂-၂) ကမ္ဘာ့ကျောက်ခေတ်ဂူနံရံ ဆေးရေးပန်းချီများ |
| ၂၉ | ၁ | | **အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း** | |
| ၃၀ | ၁ | | **ပြန်လည်လေ့ကျင့်ခြင်း** | |
| ၃၁ | ၁ | | **စာမေးပွဲ** | |

၂။ **သင်ခန်းစာအစီအစဉ်များ**(Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာအတွက်မှတ်စု ပါဝင်သည်။

DBE Box - Copyright Protected

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊<br>ဥပမာ - 'သူငယ်ချင်းပုံရေးဆွဲခြင်း'<br>(မသင်ကြားမီ) - လူတစ်ဦး၏မျက်နှာတွင် မည်သည့် အင်္ဂါအစိတ်အပိုင်းများပါသနည်း။<br>(သင်ကြားပြီး) - ရေးဆွဲပြီးသောသူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို ရှင်းပြပါ။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။ ဥပမာ-

I နိဒါန်းပျိုးခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → R ပြန်လည်သုံးသပ်ခြင်း

**၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်** (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာအဓိကဝေါဟာရများ ပါဝင်သည်။

DBE Draft - Copyright Protected

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့် ၄ ဆင့် ပါရှိမည်။

- I　သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T　သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P　လေ့ကျင့်ခြင်း (Practice)
- R　ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ယခင်သင်ယူပြီး အသိပညာကို စစ်ဆေးခြင်း၊<br>ဥပမာ - 'သူငယ်ချင်းပုံရေးဆွဲခြင်း'<br>(မသင်ကြားမီ) - လူတစ်ဦး၏မျက်နှာတွင် မည်သည့် အင်္ဂါအစိတ်အပိုင်းများပါသနည်း။<br>(သင်ကြားပြီး) - ရေးဆွဲပြီးသောသူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို ရှင်းပြပါ။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဗဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း - လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။ ဥပမာ-

I နိဒါန်းပျိုးခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → R ပြန်လည်သုံးသပ်ခြင်း

**၃။ ဝေါဟာရအဓိပ္ပာယ်ရှင်းလင်းချက်** (Glossary of Words)

ကျောင်းသားများက သင်ခန်းစာပါသဘောတရားများကို ပိုမိုနားလည်စေရန်အတွက် လိုအပ်ပါက ကျောင်းသုံးစာအုပ်နှင့် ဆရာလမ်းညွှန်စာအုပ်များတွင် ဝေါဟာရအဓိပ္ပာယ် ရှင်းလင်းချက်များကို ထည့်သွင်းဖော်ပြထားသည်။ ဝေါဟာရ အဓိပ္ပာယ်ရှင်းလင်းချက်များတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသော အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် ပညာရပ်ဆိုင်ရာအဓိကဝေါဟာရများ ပါဝင်သည်။

DBE Book - Copyright Protected

# အခန်း(၁)
# ပန်းချီအနုပညာ

စုစုပေါင်းစာသင်ချိန် ၁၆ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

အခန်း(၁) သင်ကြားပြီးသောအခါ ပန်းချီအနုပညာနယ်ပယ်၏ အခြေခံပုံဆွဲပညာရပ်များကို အဆင့်လိုက် စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သင်ခန်းစာတွင် မျဉ်းကြောင်းအမျိုးအစား၊ မျဉ်းကြောင်းများရေးဆွဲခြင်း နှင့် သတိပြုရန်အချက်များကိုသိရှိပြီး စနစ်မှန်ကန်စွာ ရေးဆွဲ ရှင်းပြတတ်မည်။ အခြေခံပုံသဏ္ဌာန်အမျိုးအစားများကို သိရှိနားလည်ပြီး အရာဝတ္ထုများကို အခြေခံပုံသဏ္ဌာန်ဖြင့် ဖော်ထုတ်ရေးဆွဲနိုင်မည်။ အခြေခံပုံသဏ္ဌာန်များကို ဖွဲ့စည်းပေါင်းစပ်ပြီးရေးဆွဲနိုင်၍ ခဲဖြင့် အသွေးအနုအရင့် ခွဲခြားရေးခြယ်နိုင်မည်။

အခြေခံပုံသဏ္ဌာန်စက္ကူမိုပုံများဖြင့် ပုံကူးယူတတ်မည်။ အခြေခံပုံသဏ္ဌာန်များဖြင့် ရှုမျှော်ခင်းပုံနေရာချဆေးခြယ်ခြင်းပြုလုပ်နိုင်မည်။ အခြေခံထုထည်များကို သိရှိနားလည်ပြီး အခြေခံပုံသဏ္ဌာန်ဖြင့် ရေးဆွဲထားသောပုံများတွင် ထုထည်မျဉ်းများထည့်သွင်းရေးဆွဲတတ်မည်။ ရေးဆွဲပြီးသော ထုထည်ပုံများတွင် ခဲဖြင့် အသွေးအနုအရင့် ထည့်သွင်းရေးခြယ်နိုင်မည်။

သိရှိပြီးသောထုထည်သဘောတရားများဖြင့် စက္ကူဘူးခွံများအသုံးပြုပြီး အဆောက်အအုံများပြုလုပ်ဆေးခြယ်ခြင်းနှင့် စုပေါင်း၍ မြို့ပြရှုခင်းများ ဖန်တီးနိုင်မည်။ လွယ်ကူသောလူပုံရေးဆွဲမှု အဆင့်ဆင့်ကို ရေးဆွဲတတ်ပြီး လူမျက်နှာရှိ ထူးခြားသောအချက်များကို ရှာဖွေကာ လူပုံတူရေးဆွဲတတ်လာမည်။ ရှုမျှော်ခင်းမြင်ကွင်းတွင် အနီးအဝေးသဘောကို နားလည်သိရှိရေးဆွဲနိုင်လာမည်။ သက်ငြိမ်ပန်းချီ၏ သဘောသဘာဝကို သိရှိပြီး အရောင်အသွေးနှင့် အရွယ်အစားများခွဲခြားကာ ဖွဲ့စည်းရေးဆွဲတတ်မည်။ လေ့ကျင့်ရေးဆွဲရရှိလာသောပန်းချီကားများကို တာဝန်ခွဲဝေပြီး စုပေါင်းပြပွဲပြုလုပ်တတ်လာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

သင်ကြားရာတွင် အသုံးပြုရန် ခဲတံ၊ A4စက္ကူ၊ ကတ်ထူစက္ကူ၊ သတင်းစာစက္ကူ၊ ရေဆေးရောင်စုံ၊ စုတ်တံ၊ ဆေးစပ်ခွက်၊ စုတ်ဆေးရန်ခွက်၊ ရောင်စုံခဲတံ၊ ခဲတံချွန်စား၊ ဆော့ပင်၊ အဝတ်စငယ် သို့မဟုတ် တစ်ရှူးစက္ကူ၊ စက္ကူဘူးခွံ၊ ကော်၊ ရေသန့်ဘူးခွံ၊ စွန့်ပစ်ပစ္စည်းအပိုင်းအစများ၊ အအေးပိုက်ချောင်းများနှင့် လက်ဆေးရန်ဇလုံများ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ထို့ပြင် သင်ခန်းစာသင်ကြားရာတွင် အထောက်အကူဖြစ်စေမည့် သင်ထောက်ကူကားချပ်များ၊ အခြေခံထုထည်မူပုံများ၊ ကူးယူရေးဆွဲရမည့်အရာဝတ္ထုများကို ကြိုတင်စုဆောင်း ပြုလုပ်ထားရှိရမည်။ ရရှိသောပန်းချီကားများကို ထိန်းသိမ်းရန်နှင့် အဆင့်များကို ရေးသွင်းထားသောမှတ်တမ်းများသိမ်းဆည်းရန် သင်ခန်းစာတိုင်းအတွက် ဖိုင်တစ်ခုစီထားရှိရမည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

ဤသင်ခန်းစာများသင်ကြားရခြင်းကြောင့် စဉ်းစားတွေးခေါ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ အနုပညာမှတစ်ဆင့် အပြုသဘောဆောင်သည့် အကောင်းမြင်စိတ်များဖွံ့ဖြိုးလာပြီး ဖျက်ဆီးလိုစိတ် နည်းပါးလာခြင်းနှင့် မိမိနိုင်ငံနှင့် ယဉ်ကျေးမှုကို တန်ဖိုးထား မြတ်နိုးတတ်လာမည်။ခံစားမှုများကို နည်းလမ်းကျနမှန်ကန်စွာ ထုတ်ဖော်တတ်လာ၍ စိတ်ကူးတတ်သောအတွေးမှ အောင်မြင်အောင် အကောင်အထည်ဖော်တီထွင်ဖန်တီးလုပ်ဆောင်နိုင်မည်။

မှတ်ဉာဏ်အားကို အသုံးပြုပြီး ပြန်လည်ထုတ်ဖော်ရသောသင်ခန်းစာများပါရှိသည့်အတွက် အခြားမှတ်သားရသည့် အကြောင်းအရာများအတွက်ပါ မှတ်သားလုပ်ဆောင်နိုင်သောအထောက်အပံ့ကို ဖြစ်စေမည်။ သဘာဝတွင် ရှိသောအကြောင်းအရာများနှင့် အနုပညာတို့ဆက်နွှယ်မှုကို မဖြစ်မနေ ထဲထဲဝင်ဝင် သိမြင် ဆက်သွယ်လုပ်ဆောင်ရသဖြင့် သဘာဝအပေါ်ထားရှိသောအမြင်များ ပြောင်းလဲလာမည့်အပြင် အခြားသူများ၏ အမြင်များနှင့် မိမိအမြင်များကို နှီးနှောဖလှယ်တတ်သောအလေ့အကျင့်ကောင်းများလည်း ရရှိမည်ဖြစ်ပေသည်။

DBE Box – Copyright Protected

## ၁–၁ မျဉ်းကြောင်းများကို စနစ်မှန်ကန်စွာ ရေးဆွဲခြင်း

စာသင်ချိန်(၁)ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- မျဉ်းကြောင်းများကို စနစ်မှန်ကန်စွာ ရေးဆွဲတတ်ရန်
- မျဉ်းကြောင်းများ၏ သဘောသဘာဝကို သိရှိနားလည် ရှင်းပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် မျဉ်းကြောင်းများ၏ သဘောသဘာဝကို သိရှိနားလည်ပြီး ရေးဆွဲတတ်ရန် သင်ကြားကြရမည်ဖြစ်ကြောင်း နိဒါန်းပျိုးပြီး မျဉ်းဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

အမှတ်တစ်ခုမှ တစ်ခုသို့ တစ်ဆက်တည်းရေးဆွဲထားသောအရာကို မျဉ်းဟုခေါ်ကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၁–၁–၁) မျဉ်းကြောင်းအမျိုးအစားများ

မျဉ်းကြောင်းများတွင် မျဉ်းဖြောင့်နှင့် မျဉ်းကောက်ဟူ၍ ၂ မျိုးရှိသည်။

မျဉ်းဖြောင့်တွင် မျဉ်းလဲ(Horizontal Line)၊ မျဉ်းမတ်(Vertical Line)နှင့် မျဉ်းစောင်း သို့မဟုတ် မျဉ်းယိုင်(Oblique Line) တို့ပါဝင်သည်။ မျဉ်းကောက်တွင် မျဉ်းခုံး(Convex Line)၊ မျဉ်းခွက်(Concave Line)နှင့် စက်ဝိုင်းမျဉ်း(Circular Line) တို့ပါဝင်သည်ကို ကျောက်သင်ပုန်းတွင် ရေးဆွဲပြပြီး ရှင်းပြပါ။

### (၁–၁–၂) မျဉ်းရေးဆွဲရာတွင် သတိပြုရန်အချက်များ

မျဉ်းများကို ရေးဆွဲရာတွင် ခဲတံကို အဖျားမှ လက် ၃ လုံးခန့်အကွာတွင် လက်မနှင့် လက်ညှိုးညှပ်ကိုင်ပြီး ကျန်လက်ချောင်းများကို အတွင်းသို့ကွေးကာ ရေးဆွဲရသည်။

ခဲတံနှင့် မျဉ်းသည် ၉၀˚ ထောင့်မှန် အနေအထားအတိုင်း ရေးဆွဲရသည်။

ခဲတံနှင့် မျဉ်းကို အလျားလိုက်ထား၍ မရေးဆွဲရဟူသော သတိပြုရန်အချက်များကို လက်တွေ့ရေးဆွဲရှင်းပြပါ။

### (၁–၁–၃) မျဉ်းဖြောင့်များရေးဆွဲခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး မျဉ်းလဲကို ရေးဆွဲရာတွင် လက်ဝဲမှ လက်ယာသို့ရေးဆွဲရပြီး လက်ဝဲလက်ဖြင့်ရေးသူများသည် လက်ယာမှ လက်ဝဲသို့ ရေးဆွဲနိုင်ကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး မျဉ်းမတ်ကို ရေးဆွဲရာတွင် အထက်မှ အောက်သို့ရေးဆွဲရကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး မျဉ်းယိုင်ကို ရေးဆွဲရာတွင် လက်ယာအပေါ်မှ လက်ဝဲအောက်သို့လည်းကောင်း၊ လက်ဝဲအပေါ်မှ လက်ယာအောက်သို့လည်းကောင်း ရေးဆွဲရကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။



DBE Box – Copyright Protected

**(၁-၁-၄) မျဉ်းကောက်များရေးဆွဲခြင်း**

ကျောင်းသုံးစာအုပ်ပါပုံ(၄)ကို ပြပြီး မျဉ်းခုံးကို ရေးဆွဲရာတွင် လက်ဝဲမှလက်ယာသို့ အပေါ်ခုံးပုံစံ ရေးဆွဲရကြောင်းလက်တွေ့ရေးဆွဲရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၅)ကို ပြပြီး မျဉ်းခွက်ကို ရေးဆွဲရာတွင် လက်ဝဲမှ လက်ယာသို့ အောက်ခွက်ပုံစံ လေ့ကျင့်ရေးဆွဲရကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၆)ကို ပြပြီး စက်ဝိုင်းမျဉ်းကို ရေးဆွဲရာတွင် စက်ဝိုင်းအသေးမှ အကြီးသို့ စက်ဝိုင်းအောက်ခြေမှ နာရီလက်တံပုံစံ လက်ယာရစ် ရေးဆွဲရကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4စာရွက်တစ်ရွက်စီ ဝေပါ။

ဆရာက ကျောင်းသားတစ်ဦးချင်းစီအား မျဉ်းဖြောင့်(မျဉ်းမတ်၊ မျဉ်းလဲ၊ မျဉ်းယိုင်)နှင့် မျဉ်းကောက်(မျဉ်းခုံး၊ မျဉ်းခွက်၊ စက်ဝိုင်းမျဉ်း) တို့ကို ၂ လက်မအရွယ်စတုရန်းကွက်အတွင်း ရေးဆွဲစေမည်။

ရေးဆွဲထားသောအကွက်ဘေးတွင် မျဉ်းကြောင်းများ၏ သဘောသဘာဝကို မိမိခံစားနားလည်သည့်အတိုင်းရေးစေမည်။

(မျဉ်းမတ်သည် မြင့်မားခြင်း၊ တည်ကြည်ခြင်း၊ ခွန်အားရှိခြင်း၊ တောင့်တင်းခြင်းနှင့် မှန်ကန်ခြင်းကို ပြပြီး မျဉ်းလဲသည် ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ညီညွတ်ခြင်းနှင့် ဘက်မလိုက်ခြင်းကို ပြ၍ မျဉ်းယိုင်သည် အားပြုခြင်း၊ မှီခိုခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းနှင့်ဖောက်ပြန်ခြင်းကိုပြကာ မျဉ်းခုံးမျဉ်းခွက်တို့သည် နွဲ့နှောင်းခြင်း၊ ပျော့ပျောင်းခြင်း၊ အားနည်းခြင်း၊ပြေပြစ်ခြင်း၊ တင့်တယ်ခြင်း၊ မတည်ငြိမ်ခြင်း၊ လှပခြင်း၊ မြင့်ခြင်းနှင့် နိမ့်ခြင်းကို ပြကြောင်း ဆရာက သိရှိထားရမည်။)

သို့ရာတွင် ကျောင်းသားများဖော်ပြသောခံစားမိသည့်အချက်များကို အဘယ်ကြောင့် ခံစားမိသည်ကို ရှင်းပြစေပြီး လက်ခံနိုင်သောအချက်ဖြစ်က မှတ်တမ်းတင်ရမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၁၀ မိနစ်

၁။ ၂ လက်မအရွယ် စတုရန်းကွက်များအတွင်းတွင် မျဉ်းတစ်မျိုးစီကို စနစ်မှန်ကန်စွာ ထည့်သွင်းရေးဆွဲပါ။
၂။ မျဉ်းကြောင်းများ၏ သဘောသဘာဝကို မိမိခံစားနားလည်သည့်အတိုင်း ရှင်းပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ စာရွက်များကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

မေးခွန်း(၁)ကို စစ်ဆေးခြင်း
A- မျဉ်းအကွက်များအတွင်း စနစ်မှန်ကန်စွာနှင့် သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း
B- မျဉ်းအကွက်များအတွင်း စနစ်မှန်ကန်စွာ ရေးဆွဲနိုင်ခြင်း
C- မျဉ်းအကွက်များအတွင်း စနစ်မှန်ကန်စွာ မရေးဆွဲနိုင်ခြင်း

မေးခွန်း(၂)ကို စစ်ဆေးခြင်း
A- ရေးဆွဲထားသောမျဉ်းများ၏ သဘောသဘာဝကို မိမိခံစားနားလည်သည့်အတိုင်း ရှင်းပြနိုင်ခြင်း
B- ရေးဆွဲထားသောမျဉ်းများအနက် မျဉ်းအချို့၏ သဘောသဘာဝကို မိမိခံစားနားလည်သည့်အတိုင်း ရှင်းပြနိုင်ခြင်း
C- ရေးဆွဲထားသောမျဉ်းများ၏ သဘောသဘာဝကို မိမိခံစားနားလည်သည့်အတိုင်း မရှင်းပြနိုင်ခြင်း
(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၁)၊ သင်ခန်းစာ(၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- မျဉ်းကြောင်းများကို စနစ်မှန်ကန်စွာ ရေးဆွဲတတ်ခြင်း
- မျဉ်းကြောင်းများ၏ သဘောသဘာဝကို သိရှိနားလည်ပြီး ရှင်းပြတတ်ခြင်း

DBE Box _Copyright Protected

## ၁-၂ အခြေခံပုံသဏ္ဍာန်များကို လေ့လာရေးဆွဲခြင်း

စာသင်ချိန်(၁)ချိန်၊ တစ်ချိန်(၄၅)မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- အခြေခံပုံသဏ္ဍာန်အမျိုးအစားများကို သိရှိပြီး အခြေခံပုံသဏ္ဍာန်များနှင့် မျဉ်းကြောင်းများကို ပေါင်းစပ်ရေးဆွဲတတ်ရန်
- ရေးဆွဲပြီးသောပုံတွင် ပါဝင်သောမျဉ်းများအကြောင်း ရှင်းပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် မျဉ်းကြောင်းများပေါင်းစပ်၍ ဖြစ်ပေါ်လာသောအခြေခံပုံသဏ္ဍာန်များအကြောင်းကို သိရှိနားလည်ပြီး ရေးဆွဲတတ်ရန် သင်ကြားရမည်ဖြစ်ကြောင်း နိဒါန်းပျိုး၍ အခြေခံပုံသဏ္ဍာန်ဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများကအုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စု ကိုယ်စားလှယ်က ဖြေကြားမည်။

မျဉ်းကြောင်း ၂ ကြောင်းထက်ပို၍ ပေါင်းစပ်ထားသောပုံများကို အခြေခံပုံသဏ္ဍာန်များ (Shapes)ဟု ခေါ်ကြောင်း လက်တွေ့ရေးဆွဲရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

### (၁-၂-၁) အခြေခံပုံသဏ္ဍာန်အမျိုးအစားများ

ပုံသဏ္ဍာန်များစွာရှိသည့်အနက် ပန်းချီရေးဆွဲရာတွင် အခြေခံပုံသဏ္ဍာန် ၃ မျိုးဖြစ်သော တြိဂံ၊ လေးထောင့်နှင့် အဝိုင်းတို့ကို အသုံးပြုကြောင်း ပြောပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြ၍ တြိဂံ(Triangle)သည် မျဉ်း ၃ ကြောင်း ဆက်စပ်ရေးဆွဲရာမှ ဖြစ်ပေါ်လာကြောင်း လက်တွေ့ရေးဆွဲပြပြီးရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြ၍ လေးထောင့်(Rectangle)သည် မျဉ်း ၄ ကြောင်း ဆက်စပ်ရေးဆွဲရာမှ ဖြစ်ပေါ်လာကြောင်း လက်တွေ့ရေးဆွဲပြပြီး ရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြ၍ စက်ဝိုင်း(Circle)သည် မျဉ်းခုံးနှင့် မျဉ်းခွက် တွဲစပ်ရေးဆွဲရာမှ ဖြစ်ပေါ်လာကြောင်း လက်တွေ့ရေးဆွဲပြပြီး ရှင်းပြပါ။

### (၁-၂-၂) အခြေခံပုံသဏ္ဍာန်များကို ရေးဆွဲခြင်း

အခြေခံပုံသဏ္ဍာန်များကို မျဉ်းကြောင်းများနှင့် ပေါင်းစပ်ရေးဆွဲလေ့ကျင့်ရကြောင်း ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကို ပြပြီး အကွက်တစ်ခုအတွင်း မျဉ်းများပေါင်းစပ်ခြင်းဖြင့် အခြေခံပုံသဏ္ဍာန်များပေါ်လာပုံကို ရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၅)ကိုပြပြီး ရေးဆွဲသောပုံတွင်ပါဝင်သည့်မျဉ်းများအကြောင်းကို အခြေခံပုံသဏ္ဍာန်၏တည်နေပုံ၊ မျဉ်းများကို ထည့်သွင်းရေးဆွဲခြင်းဖြင့် အခြေခံပုံသဏ္ဍာန်သည် မျဉ်းလဲကြောင့် ညီညွတ်သောသဘော၊ ငြိမ်သက်သောသဘောများဖြစ်လာသည်။မျဉ်းမတ်ကြောင့် မြင့်မားသောသဘော၊ ခွန်အားရှိသောသဘော၊ ထောက်ကန်သောသဘောများဖြစ်ပေါ်လာသည်။ မျဉ်းယိုင်ကြောင့် အားပြုခြင်း၊ တွန်းကန်ခြင်းသဘောများဖြစ်ပေါ်လာသည်။ မျဉ်းခုံးကြောင့် ခုံးသောသဘော၊မျဉ်းခွက်ကြောင့် ခွက်သောသဘောများဖြစ်ပေါ်လာသည်။ စက်ဝိုင်းမျဉ်းကြောင့် လည်ပတ်သောသဘော ဖြစ်ပေါ်ခံစားရ ကြောင်းကို ရှင်းပြပါ။



DRE Box _ Copyright Protected

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက ကျောင်းသားကျောင်းသူတစ်ဦးလျှင် A4စာရွက် တစ်ရွက်စီ ဝေပါ။

ပထမ ၅ မိနစ်တွင် အခြေခံပုံသဏ္ဌာန်များကို နေရာချထားစေမည်။

ဆရာက အတန်းတွင်းလှည့်လည်ပြီး ကျောင်းသားကျောင်းသူများ မှန်ကန်စွာ ရေးဆွဲနိုင်ရန် ကြီးကြပ်ပါ။ ကျောင်းသုံးစာအုပ်ပါ ပုံ(၄)နှင့် ပုံ(၅)သည် နမူနာပုံများဖြစ်ပြီး မိမိစိတ်ကူးဖြင့်သာ နေရာချထားကြရန် ဆရာက သတိပေးပါ။

ဒုတိယ ၁၀ မိနစ်တွင် အခြေခံပုံသဏ္ဌာန်များအတွင်း မျဉ်းများထည့်သွင်းရေးဆွဲစေမည်။ ဆရာက ရေးဆွဲမှုတွင် မျဉ်းကြောင်းများအားလုံးပါဝင်အောင် ရေးဆွဲရန် သတိပြုလမ်းညွှန်ပါ။

တတိယ ၅ မိနစ်တွင် ရေးဆွဲပြီးသောစာရွက်၏ နောက်ကျော၌ အမည်နှင့် တန်းခွဲကို ဖော်ပြစေပြီး ၎င်းအောက်တွင် ရေးဆွဲပြီးသောပုံတွင် ပါဝင်သည့်မျဉ်းများ၏ အကြောင်းကို ရှင်းလင်းရေးစေမည်။ ရှင်းလင်းရေးသားရာတွင် သင်ကြားထားသောမျဉ်းများ၏ သဘောသာမက မိမိရေးဆွဲထားသောမျဉ်းအပေါ်၌ ခံစားရေးဆွဲခဲ့ရသည့် သဘောကို ရှင်းလင်းစွာ ရေးသားစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ၄လက်မစတုရန်းကွက်အတွင်းတွင် ပုံသဏ္ဌာန်များနှင့် မျဉ်းကြောင်းများကို ပေါင်းစပ်ရေးဆွဲပါ။
၂။ ရေးဆွဲပြီးသောပုံတွင် ပါဝင်သည့် မျဉ်းကြောင်းများအကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသည့် ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ရေးထားသောစာရွက်များ ဆရာက သိမ်းဆည်းပြီး ရေးဆွဲမှုမှန် မမှန်ကို အောက်ပါ အဆင့်အတိုင်း စစ်ဆေးစေမည်။

မေးခွန်း(၁)ကို စစ်ဆေးခြင်း
A- မျဉ်းကြောင်းများ ပေါင်းစပ်၍ ပုံသဏ္ဌာန်များကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း
B- မျဉ်းကြောင်းများ ပေါင်းစပ်၍ ပုံသဏ္ဌာန်များကို ရေးဆွဲနိုင်ခြင်း
C- မျဉ်းကြောင်းများ ပေါင်းစပ်၍ ပုံသဏ္ဌာန်များကို မရေးဆွဲနိုင်ခြင်း

ကျောင်းသားကျောင်းသူတစ်ဦးချင်းရေးဆွဲထားသည့် ပုံနောက်ကျောတွင် ရှင်းလင်းရေးသားထားသည့် မျဉ်းများအကြောင်းရှင်းပြချက်ကို အောက်ပါအဆင့်အတိုင်း စစ်ဆေးမည်။

မေးခွန်း(၂)ကို စစ်ဆေးခြင်း
A- ရေးဆွဲပြီးသောပုံတွင် ပါဝင်သည့် မျဉ်းကြောင်းများအကြောင်းကို သေချာစွာရှင်းပြနိုင်ခြင်း
B- ရေးဆွဲပြီးသောပုံတွင် ပါဝင်သည့် မျဉ်းကြောင်းများအကြောင်းကို ရှင်းပြနိုင်ခြင်း
C- ရေးဆွဲပြီးသောပုံတွင် ပါဝင်သည့် မျဉ်းကြောင်းများအကြောင်းကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးပြီးသောပုံစာရွက်များကို အခန်း(၁)၊ သင်ခန်းစာ(၂) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- အခြေခံပုံသဏ္ဌာန်အမျိုးအစားများကို သိရှိနားလည်ခြင်း
- အခြေခံပုံသဏ္ဌာန်များတွင် ပါဝင်သောမျဉ်းကြောင်းများကို ပေါင်းစပ်၍ ရေးဆွဲတတ်ခြင်း

DEF Box – Copyright Protected

## ၁–၃ အခြေခံပုံသဏ္ဌာန်များဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့် ရေးခြယ်ခြင်း　　စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- အခြေခံပုံသဏ္ဌာန်များကို ပေါင်းစပ်ပြီး ပုံများရေးဆွဲတတ်ရန်
- ရေးဆွဲထားသောပုံတွင် မတူညီသောအသွေးအနုအရင့်များဖြင့် ညီညာစွာ ရေးခြယ်တတ်ရန်
- အသွေးအနုအရင့်များအကြောင်း ရှင်းပြတတ်ရန်

**နိဒါန်းပျိုးခြင်း**　　၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် အခြေခံပုံသဏ္ဌာန်များကို ပေါင်းစပ်ပြီး အရာဝတ္ထုပုံများရေးဆွဲခြင်းနှင့် ခဲဖြင့် အသွေးအနုအရင့်ရေးဆွဲခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။

ထို့နောက် အသွေးအနုအရင့်ဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စု ကိုယ်စားလှယ်များက ဖြေကြားမည်။

အသွေးဆိုသည်မှာ အရောင်များက ပိုင်ဆိုင်သော အနုအရင့်တန်ဖိုးကို ဆိုလိုကြောင်း လက်တွေ့ရှင်းပြပါ။

(အိုးတစ်လုံးကိုပြပြီး ၎င်းအိုးပေါ်တွင် အလင်းကျရောက်သောအခါ အလင်းဆန့်ကျင်ဖက်အခြမ်းသည် မှောင်သွားမည်။ အလင်းကျသောဖက်အခြမ်းသည် အိုး၏အရောင်ထက်နုပြီး တဖြည်းဖြည်းအရောင်ရင့်လာကာ အမှောင်ဖက်သို့ ပိုမိုရင့်သွားသောအဆင့်များဖြစ်လာပုံကို တစ်ဆင့်ချင်း ရှင်းပြမည်။)

**သင်ကြားခြင်း**　　၁၀ မိနစ်

### (၁–၃–၁) အခြေခံပုံသဏ္ဌာန်များကို အသုံးပြု၍ အရာဝတ္ထုများရေးဆွဲခြင်း

ရေးဆွဲရန် မလွယ်ကူသောပုံသဏ္ဌာန်များကို ရေးဆွဲရန် လွယ်ကူသောအခြေခံပုံသဏ္ဌာန် ၃ မျိုးကို အသုံးပြု၍ တည်ဆောက်ရေးဆွဲနိုင်ကြောင်း ပြောပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး သဘာဝရှိအရာဝတ္ထုပစ္စည်းများကို အခြေခံပုံသဏ္ဌာန် ၃ မျိုးအသုံးပြု၍ လျှာထားရေးဆွဲနိုင်ကြောင်း ပြောပြပါ။ ရေတံကောင်းအိုးပုံတွင် အဝိုင်းပုံနှင့် စတုဂံပုံများတည်ရှိနေပြီး ၎င်းကို တစ်ဆင့်ချင်းပေါင်းစပ်ဖွဲ့စည်း၍ လွယ်ကူသောပုံတစ်ပုံရေးဆွဲနိုင်ကြောင်း လက်တွေ့ရေးဆွဲပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး အရာဝတ္ထုတစ်မျိုးတည်းကိုပင် အခြေခံပုံသဏ္ဌာန် ၃ မျိုးဖြင့် နှစ်သက်သည့်ပုံစံပေါင်းစပ်ရေးဆွဲနိုင်ကြောင်းကို ထပ်မံဖွဲ့စည်းရေးဆွဲပြကာ ရှင်းပြပါ။

### (၁–၃–၂) အသွေးအနုအရင့်များကိုလေ့လာရေးဆွဲခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကိုပြပြီး သဘာဝတွင် အသွေးအနုအရင့်များစွာရှိသော်လည်း ပန်းချီပညာတွင် အသွေးအနုအရင့်များကို ၉ ဆင့် ပိုင်းခြားသတ်မှတ်ရကြောင်းနှင့် အသွေးအနုအရင့်များကို အသွေးနု၊ အသွေးလတ်၊ အသွေးရင့်ဟူ၍ ၃ မျိုးခွဲခြားနိုင်ကြောင်းရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကို ပုံ(၅)ကဲ့သို့ အရာဝတ္ထုများ၏ ကောက်ကြောင်းပုံရေးဆွဲပြီးနောက် ပုံ(၆)အတိုင်း ရောင်စုံမသုံးဘဲ ခဲတံဖြင့်ပင် အသွေးအနုအရင့်ခွဲပြီး တစ်ပုံလျှင် အသွေးတစ်ခုဖြင့် ညီညာစွာ ရေးခြယ်နိုင်ကြောင်း ရှင်းပြပါ။ ထိုသို့ရေးခြယ်ခြင်းဖြင့် အရာဝတ္ထုပုံသဏ္ဌာန်များ ကွဲပြားထင်ရှားစွာ ပေါ်လွင်လာကြောင်း ရှင်းပြပါ။



EBE Box – Copyright Protected

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4စာရွက်တစ်ရွက်စီ ဝေပါ။

ပထမ ၁၅ မိနစ်တွင် အရောင်အနုအရင့်မတူသောပစ္စည်းများကို စားပွဲပေါ်တွင် နေရာချထားပြီး အခြေခံပုံသဏ္ဌာန်များကိုသာ အသုံးပြုလျက် ကျောင်းသားကျောင်းသူများကို ကူးယူရေးဆွဲစေမည်။

ဒုတိယ ၅ မိနစ်တွင် ခဲခြယ်စေမည်။ အရာဝတ္ထု၏ အရောင်အသွေးပေါ်မူတည်ပြီး ခဲရောင်အသွေးအနု သို့မဟုတ် အသွေးအရင့် တစ်ညီတည်း အလင်းအမှောင်မထည့်သွင်းဘဲ တစ်ပုံလျှင် အသွေးတစ်ခုစီဖြင့် ညီညာစွာရေးခြယ်ရန် ပြောပြပါ။

တတိယ ၅ မိနစ်တွင် ပုံနောက်ကျော၌ ကျောင်းသားကျောင်းသူအမည်နှင့် တန်းခွဲကို ရေးစေပြီး အောက်တွင် အသွေးအနုအရင့်အကြောင်းကို နားလည်သည့်အတိုင်း ဖော်ပြရေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အရာဝတ္ထုပစ္စည်းများကို ကြည့်၍ အခြေခံပုံသဏ္ဌာန် ၃ မျိုးဖြင့် ပေါင်းစပ်ရေးဆွဲပြပါ။
၂။ အခြေခံပုံသဏ္ဌာန်များဖြင့် ရေးဆွဲထားသောအရာဝတ္ထု ၃ မျိုးကို မတူညီသောအသွေးအနုအရင့်များဖြင့် ညီညာစွာ ရေးခြယ်ပါ။
၃။ အသွေးအနုအရင့်များအကြောင်း ရှင်းပြပါ။

ဆရာက လေ့ကျင့်ခြင်းမှ ရရှိသောကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ရေးဆွဲထားသောပုံများကို အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

မေးခွန်း(၁)နှင့် (၂)ကို စစ်ဆေးခြင်း

A- ပုံသဏ္ဌာန်များကို ပေါင်းစပ်ရေးဆွဲပြီး ခဲဖြင့်အသွေးအနုအရင့် လှပစွာ ရေးခြယ်နိုင်ခြင်း
B- ပုံသဏ္ဌာန်များကို ပေါင်းစပ်ရေးဆွဲပြီး ခဲဖြင့်အသွေးအနုအရင့်ရေးခြယ်နိုင်ခြင်း
C- ပုံသဏ္ဌာန်များကို ပေါင်းစပ်ရေးဆွဲပြီး ခဲဖြင့်အသွေးအနုအရင့် မရေးခြယ်နိုင်ခြင်း

ဆရာက လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ အသွေးအနုအရင့်အကြောင်းရှင်းပြချက်များကိုလည်း အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

မေးခွန်း(၃)ကို စစ်ဆေးခြင်း

A- အသွေးအနုအရင့်အကြောင်းကို သေချာစွာရှင်းပြနိုင်ခြင်း
B- အသွေးအနုအရင့်အကြောင်းကို ရှင်းပြနိုင်ခြင်း
C- အသွေးအနုအရင့်အကြောင်းကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးပြီးသောပုံစာရွက်များကို အခန်း(၁)၊ သင်ခန်းစာ(၃)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- အခြေခံပုံသဏ္ဌာန်များကို ပေါင်းစပ်ပြီး ပုံများရေးဆွဲတတ်ခြင်း
- ပုံများတွင် မတူညီသောအသွေးနုအရင့်များဖြင့် ညီညာစွာ ရေးခြယ်တတ်ခြင်း
- အသွေးအနုအရင့်များအကြောင်း ရှင်းပြတတ်ခြင်း

DBE Box - Copyright Protected

## ၁–၄ အခြေခံပုံသဏ္ဌာန်များဖြင့် ပုံကူးယူခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- နှစ်သက်ရာအခြေခံပုံသဏ္ဌာန်ပေါ်အောင် စက္ကူကိုဆုတ်ဖြဲပြီး ဆေးရောင်ဖြင့်ပုံနှိပ်ကူးတတ်ရန်
- ပုံနှိပ်ကူးယူပြီးသောပုံများကို ရှင်းပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ပုံနှိပ်ကူးယူခြင်း(Printing)အခြေခံအဖြစ် အခြေခံပုံသဏ္ဌာန်များဖြင့် ပုံကူးယူခြင်းလေ့ကျင့်ခန်းများကို သင်ကြားကြရမည်ဟု ဆရာက နိဒါန်းပျိုးပါ။

ပြီးနောက် အခြေခံပုံသဏ္ဌာန်များဖြင့် ပုံကူးယူခြင်းကို မည်ကဲ့သို့နားလည်သနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

အခြေခံပုံသဏ္ဌာန်များဖြင့် ပုံကူးယူခြင်းဆိုသည်မှာ အခြေခံပုံသဏ္ဌာန်ရှိသောပုံအမျိုးမျိုးကို လက်ဖြင့် ဖြဲခြင်း သို့မဟုတ် ကတ်ကြေးဖြင့် ညှပ်ခြင်းပြုလုပ်၍ အရောင်များကို ဖိနှိပ်ကူးယူပုံဖော်ခြင်းဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၁–၄–၁) စက္ကူမိုများ ပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး အခြေခံပုံသဏ္ဌာန်များနှင့် အခြားနှစ်သက်ရာပုံများပေါ်အောင် စက္ကူကိုဖြဲ၍ မိုပုံစံအမျိုးမျိုးကိုပြုလုပ်ပြပါ။မိုများပြုလုပ်ရာတွင်လက်ဖြင့်သာမက ကတ်ကြေးပေတံများဖြင့်လည်း ဖြတ်တောက်လှီးဖြတ်နိုင်ကြောင်း လက်တွေ့ ပြုလုပ်၍ ပြပါ။

### (၁–၄–၂) ကူးယူခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး တစ်ရှူး သို့မဟုတ် အဝတ်စဖြင့် နှစ်သက်ရာအရောင်ကို တို့ယူပြီး မိုပုံကို ထပ်ကာ ဖိနှိပ်ကူးယူခြင်းဖြင့် ပုံများပေါ်အောင်ပြုလုပ်နိုင်ကြောင်း လက်တွေ့ပြုလုပ်ပြပါ။ အသင့်ပြုလုပ်ထားသော ပုံနမူနာများကိုလည်း ပြနိုင်သည်။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ကျောင်းသားကျောင်းသူတစ်ဦးလျှင် A4စာရွက် ၂ ရွက်၊ အုပ်စုတစ်စုလျှင် အဝတ်စ သို့မဟုတ် တစ်ရှူးစ ၆ စနှင့် အဝါ၊ အနီနှင့် အပြာရောင် ရေဆေးအရည် ၃ ခွက်ပေးပါ။

ပထမ ၅ မိနစ်တွင် ကျောင်းသားတစ်ဦးချင်းစီက ပေးထားသောA4စက္ကူထဲမှ တစ်ရွက်ကို အရွယ်အစားအမျိုးမျိုးရှိ အခြေခံပုံသဏ္ဌာန်များနှင့် အခြားနှစ်သက်ရာပုံများပေါ်အောင် စက္ကူကို လက်ဖြင့် ဖြဲခြင်း သို့မဟုတ် ကတ်ကြေး၊ ပေတံများဖြင့် ဖြတ်တောက်လှီးဖြတ်ခြင်း ပြုလုပ်စေမည်။

ဒုတိယ ၅ မိနစ်တွင် အုပ်စုအသီးသီးရှိ ကျန်သောA4စက္ကူ ၆ ရွက်ကို ကော်ဖြင့် တွဲစပ်စေမည်။

တတိယ ၁၀ မိနစ်တွင် ကျောင်းသားကျောင်းသူများစုပေါင်းပြီး မိမိတို့ပြုလုပ်ထားသောမိုပုံကို နေရာချပြီး တစ်ရှူးဖြင့် မိမိနှစ်သက်သောအရောင်ဆေးရည်ကို တို့ယူကာ ပုံဖော်စေမည်။



DBE Box _Copyright Protected

ထိုကဲ့သို့ပုံဖော်ကူးယူရာတွင် အုပ်စုတွင်း မိုပုံများကို အချင်းချင်းလဲလှယ်ပြီး ပုံဖော်အသုံးပြုနိုင်သည်။

ပုံနှိပ်ကူးယူပြီးသောပုံကို ကိုယ်စားလှယ်တစ်ဦးချင်းစီက ကိုင်လျက် အတန်းရှေ့တွင် ပြစေမည်။

စတုတ္ထ ၅ မိနစ်တွင် အုပ်စုကိုယ်စားလှယ်တစ်ဦးချင်းစီက ၎င်းတို့ပုံနှိပ်ကူးယူထားသောပုံကို မည်ကဲ့သို့ပြုလုပ်ခဲ့ကြောင်း ရှင်းပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ နှစ်သက်ရာအခြေခံပုံသဏ္ဌာန်ကို ဖြိုပြီး ဆေးရောင်ဖြင့် ပုံနှိပ်ကူးယူပါ။
၂။ အခြားသူများပြုလုပ်ထားသောအခြေခံပုံသဏ္ဌာန်ကို လဲလှယ်၍ ပုံနှိပ်ကူးယူပါ။
၃။ ပုံနှိပ်ကူးယူပြီးသောပုံများကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော အုပ်စုတစ်စုချင်း၏ ပုံနှိပ်ကူးယူထားသောပုံများကို ဆရာက အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

(အုပ်စုမှ ရသောအဆင့်များသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။)

မေးခွန်း(၁)နှင့် (၂)ကို စစ်ဆေးခြင်း

A- လှပသေသပ်စွာ ပုံနှိပ်ကူးယူတတ်ခြင်း
B- ပုံနှိပ်ကူးယူတတ်ခြင်း
C- ပုံနှိပ် မကူးယူတတ်ခြင်း

မေးခွန်း(၃)ကို စစ်ဆေးခြင်း

A- ပုံနှိပ်ကူးယူပြီးသော ပုံများကို အုပ်စုကိုယ်စားလှယ်က သေချာစွာ ရှင်းပြနိုင်ခြင်း
B- ပုံနှိပ်ကူးယူပြီးသော ပုံများကို အုပ်စုကိုယ်စားလှယ်က ရှင်းပြနိုင်ခြင်း
C- ပုံနှိပ်ကူးယူပြီးသော ပုံများကို အုပ်စုကိုယ်စားလှယ်က မရှင်းပြနိုင်ခြင်း

(ဆရာက ၎င်းစစ်ဆေးပြီးပုံများကို အခန်း(၁)၊ သင်ခန်းစာ(၄) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- နှစ်သက်ရာအခြေခံပုံသဏ္ဌာန်ကို ဖြိုပြီး ဆေးရောင်ဖြင့် ပုံနှိပ်ကူးယူတတ်ခြင်း
- အခြားသူများပြုလုပ်ထားသော အခြေခံပုံသဏ္ဌာန်ကို လဲလှယ်၍ ပုံနှိပ်ကူးယူတတ်ခြင်း
- ပုံနှိပ်ကူးယူပြီးသောပုံများကို ရှင်းပြတတ်ခြင်း

DBE Box - Copyright Protected

## ၁–၅ စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို ရေးခြယ်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲတတ်ရန်
- ပုံတွင် မည်ကဲ့သို့ စိတ်ကူးပြီး အရောင်များရွေးချယ်အသုံးပြုရသည့်အကြောင်းကို ရှင်းပြတတ်ရန်

### နိဒါန်းပျိုးခြင်း

၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် စုပေါင်းပြီး စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုပုံကိုရေးဆွဲ၍ အရောင်များရေးခြယ်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ပြောပြပါ။

စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုပုံကို ရေးခြယ်ခြင်းဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများကအုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို ရေးခြယ်ခြင်းဆိုသည်မှာ မိမိမြင်ခဲ့ဖူးသောအကြောင်းအရာများကို ပေါင်းစပ်ပြီး မြင်ကွင်းတစ်ခုစိတ်ကူးပုံဖော်ကာ အရောင်များရေးခြယ်ခြင်းဖြစ်သည်ဟု ဆရာက နိဒါန်းပျိုးပါ။

### သင်ကြားခြင်း

၁၀ မိနစ်

#### (၁–၅–၁) ရေးဆွဲမည့်အကြောင်းအရာကိုရှာဖွေခြင်း

အုပ်စုလိုက် စုပေါင်းရေးဆွဲမည်ဖြစ်သဖြင့် ရေးဆွဲမည့်အကြောင်းအရာကို အုပ်စုတွင်းတွင် ဦးစွာ စဉ်းစားဆွေးနွေးကြရကြောင်းပြောပြပါ။ ထိုကဲ့သို့စဉ်းစားဆွေးနွေးရာတွင် ရေးဆွဲမည့်အကြောင်းအရာပေါ်မူတည်ပြီး ပါဝင်မည့်အချက်အလက်များကို ဆွေးနွေးသင့်ကြောင်းကို ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကိုပြပြီး ရှင်းလင်းမည်။

#### (၁–၅–၂) နေရာချထားခြင်းနှင့် ဆေးခြယ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး ရွေးချယ်ထားသောအချက်များကို ပုံဖော်မည့်စက္ကူပေါ်တွင် သင့်လျော်သလိုနေရာချထားပြီး ပုံပေါ်စေရန် ရေးဆွဲရကြောင်း ရှင်းပြပါ။

ထိုကဲ့သို့ နေရာချထားရာတွင် အုပ်စုတွင်း စုပေါင်းပြီး အမြင်ချင်းဖလှယ် ညှိနှိုင်းရေးဆွဲရန်လိုကြောင်း သတိပေးပါ။

ရေးဆွဲပြီးလျှင်လည်း စုပေါင်းပြီး အရောင်များရေးခြယ်ကြရမည်ဖြစ်ကြောင်း ပြောပြပါ။

#### (၁–၅–၃) လေ့ကျင့်လက်ရာများ

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး စိတ်ကူးနှင့် ရေးခြယ်ခဲ့သောကျောင်းသားကျောင်းသူများ၏ လေ့ကျင့်လက်ရာများဖြစ်ကြောင်း ပြောပြ၍ ကျောင်းသားကျောင်းသူများလေ့လာနိုင်ရန် ပြသပါ။ သို့သော် ကျောင်းသားကျောင်းသူတို့ရေးဆွဲသည့်အခါ လေ့ကျင့်လက်ရာပုံအတိုင်း ကူးယူမရေးခြယ်ရန် ဆရာက သတိပေးပါ။

DBE Box – Copyright Protected

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

အုပ်စုတစ်စုလျှင် A4စာရွက် ၆ ရွက်၊ ကော် ၁ ထုပ်၊ ဆေးစပ်ခွက် ၁ ခွက်၊ စုတ်တံလုံးသေး ၆ ချောင်း၊ စုတ်တံပြား ၆ ချောင်း၊ စုတ်ဆေးရန်ရေ ၁ ခွက်နှင့် အဝါ၊ အနီနှင့် အပြာရောင်ရေဆေးများထည့်ထားသောခွက် ၃ ခွက်ပေးပါ။ (အရောင်စုံပါသောရေဆေးဘူးများရရှိပါက ရေးဆွဲရာတွင် ပိုလွယ်ကူသည်။)

ပထမ ၅ မိနစ်တွင် မည်သည့်မြင်ကွင်းရေးဆွဲကြမည်ကို အုပ်စုတွင်း စဉ်းစားဆွေးနွေးဆုံးဖြတ်စေပြီး ဗ၄စာရွက်များကို စာရွက်ကြီးဖြစ်စေရန် ကော်ဖြင့် တွဲစပ်ပါ။

ဒုတိယ ၅ မိနစ်တွင် စိတ်ကူးထားသောမြင်ကွင်းပုံကို စုပေါင်းပြီး နေရာချထားရေးဆွဲမည်။

တတိယ ၁၀ မိနစ်တွင် သင့်လျော်မည့်အရောင်များကို စုပေါင်းရေးခြယ်စေမည်။

ရေးဆွဲပြီးသောပုံများကို အုပ်စုကိုယ်စားလှယ်များက ကိုင်လျက် အတန်းရှေ့တွင် ပြစေမည်။

စတုတ္ထ ၅ မိနစ်တွင် အုပ်စုကိုယ်စားလှယ်တစ်ဦးချင်းစီက စိတ်ကူးဖြင့် ရေးဆွဲထားသောပုံများရှိ အရောင်များကို အဘယ်ကြောင့် အသုံးပြုရေးခြယ်ခဲ့ကြောင်း ရှင်းပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲပြပါ။

၂။ ပုံတွင် မည်ကဲ့သို့စိတ်ကူးပြီး အရောင်များရွေးချယ်အသုံးပြုခဲ့သည့်အကြောင်းကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော အုပ်စုတစ်စုချင်း၏ ရေးဆွဲထားသောပုံများကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

အုပ်စုမှ ရသောအဆင့်များသည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

မေးခွန်း(၁)ကို စစ်ဆေးခြင်း

A- စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲပြီး လှပစွာ ဆေးခြယ်နိုင်ခြင်း

B- စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲပြီး ဆေးခြယ်နိုင်ခြင်း

C- စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲပြီး ဆေးမခြယ်နိုင်ခြင်း

မေးခွန်း(၂)ကို စစ်ဆေးခြင်း

A- ရေးခြယ်ထားသောအရောင်များကို မည်ကဲ့သို့အသုံးပြုခဲ့ကြောင်း သေချာစွာရှင်းပြနိုင်ခြင်း

B- ရေးခြယ်ထားသောအရောင်များကို မည်ကဲ့သို့အသုံးပြုခဲ့ကြောင်း ရှင်းပြနိုင်ခြင်း

C- ရေးခြယ်ထားသောအရောင်များကို မည်ကဲ့သို့အသုံးပြုခဲ့ကြောင်း မရှင်းပြနိုင်ခြင်း

(ဆရာက ၎င်းစစ်ဆေးမှုပုံများကို အခန်း(၁)၊ သင်ခန်းစာ(၅) ပန်းချီဖိုင်တွဲတစ်ခုတွင် သိမ်းဆည်းပါ။

**အနှစ်ချုပ်အဓိကအချက်များ**

- စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို စုပေါင်းရေးဆွဲပြတတ်ခြင်း
- ပုံတွင် မည်ကဲ့သို့စိတ်ကူးပြီး အရောင်များရွေးချယ်အသုံးပြုခဲ့သည့်အကြောင်းကို ရှင်းပြတတ်ခြင်း

DBE Box - Copyright Protected

## ၁–၆ ထုထည်များကို လေ့လာရေးဆွဲခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ထုထည်များအကြောင်းကိုနားလည်ပြီး အခြေခံထုထည် ၅ မျိုးကို ဖော်ပြတတ်ရန်
- အရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများထည့်သွင်းရေးဆွဲပြနိုင်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး အတန်းရှေ့စားပွဲကိုမြင်နိုင်ရန် ပစောက်ပုံထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ထုထည်ပုံများ လေ့လာရေးဆွဲခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ပြောပြပါ။

ထုထည်ဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ထုထည်ဆိုသည်မှာ အလျား၊ အနံနှင့် အမြင့်ပါသော သုံးဖက်မြင်အရာဝတ္ထုဖြစ်သည်ဟု ဆရာက နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

**(၁–၆–၁) အခြေခံထုထည်များ**

မိမိတို့ပတ်ဝန်းကျင်ရှိ အရာဝတ္ထုတိုင်းတွင် ထုထည်များရှိသည်။

ပန်းချီအနုပညာတွင် အခြေခံထုထည် ၅ မျိုး သတ်မှတ်ထားပြီး ထုလုံးရှည်၊ ထုလုံးချွန်၊ ပိရမစ်ပုံထုချွန်၊ လေးထောင့်တုံးနှင့် စက်လုံးတို့ဖြစ်ကြကြောင်း ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ရှိ ထုထည်မူပုံများကို တစ်ပုံချင်းပြပြီး ရှင်းပြပါ။

(ထုထည်ပုံ သင်ထောက်ကူမူပုံများရှိပါက တစ်ပုံချင်း၏ တည်ရှိနေသောအနားများနှင့် ထုထည်ဖြစ်ပေါ်လာပုံကို ပြသသင်ကြားနိုင်သည်။)

**(၁–၆–၂) ထုထည်ပုံများရေးဆွဲခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး အခြေခံပုံသဏ္ဌာန်များဖြင့် ကူးယူရေးဆွဲပြီးနောက်တွင် ထုထည်မျဉ်းများကို ထည့်သွင်းရေးဆွဲခြင်းဖြင့် အရာဝတ္ထုများ၏ လုံးကြွမှုသဘောပုံကို ပေါ်လွင်အောင်ဖော်ထုတ်နိုင်ကြောင်း ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကို နမူနာပြပြီး ရှင်းပြပါ။ (ဆရာက ရေးဆွဲရန်ကျွမ်းကျင်လျှင် လက်တွေ့ရေးဆွဲပြပါ။)

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 ၁ ရွက်စီဝေပါ။

ထို့နောက် ပြင်ဆင်ထားသော အိုးခွက်များ၊ သစ်သီးများနှင့် ပန်းများကို အတန်းရှေ့တွင် စားပွဲတစ်ခုပေါ်တင်လျက်ပြင်ဆင်ပါ။

DRE Box – Copyright Protected

(အိုးခွက်များ၊ သစ်သီးများနှင့် ပန်းများပြင်ဆင်ရန် အခက်အခဲရှိပါက အရောင်၊ ပုံသဏ္ဌာန်နှင့် အရွယ်အစားမတူညီသောအရာဝတ္ထုများကို အသုံးပြုနိုင်သည်။)

ပထမ ၂၀ မိနစ်တွင် A4စာရွက်ပေါ်၌ စားပွဲပေါ်ရှိ အရာများကို ထုထည်ဖြင့် ဖွဲ့စည်းပုံဖော်ရေးစေမည်။

ဒုတိယ ၅ မိနစ်တွင် ပုံစာရွက်၏နောက်ကျော၌ အမည်နှင့် တန်းခွဲအမည်ကို ထိပ်တွင်ရေးစေပြီး ထုထည်များအကြောင်းနှင့် ထုထည် ၅ မျိုးကို ကျောင်းသားကျောင်းသူနားလည်သည့်အတိုင်းဖော်ပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ထုထည်များအကြောင်းကို ရှင်းပြပြီး အခြေခံထုထည် ၅ မျိုးကိုဖော်ပြပါ။
၂။ ပေးထားသောအရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများထည့်သွင်းရေးဆွဲပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ရေးထားသောပုံစာရွက်များကို ဆရာက အောက်ပါအတိုင်းစစ်ဆေးပြီး အဆင့်သတ်မှတ်ပါ။

မေးခွန်း(၁)ကို စစ်ဆေးခြင်း

A- ထုထည်များအကြောင်းကို ရှင်းပြနိုင်ပြီး အခြေခံထုထည် ၅ မျိုးကိုဖော်ပြနိုင်ခြင်း
B- ထုထည်များအကြောင်းကို ရှင်းပြနိုင်ခြင်း သို့မဟုတ် အခြေခံထုထည် ၅ မျိုးကို ဖော်ပြနိုင်ခြင်း
C- ထုထည်များအကြောင်း မရှင်းပြနိုင်ခြင်းနှင့် အခြေခံထုထည် ၅ မျိုးကို မဖော်ပြနိုင်ခြင်း

မေးခွန်း(၂)ကို စစ်ဆေးခြင်း

A- အရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများထည့်သွင်းရေးဆွဲပြနိုင်ခြင်း
B- အရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများထည့်သွင်းရေးဆွဲပြနိုင်ခြင်း
C- အရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများထည့်သွင်းမရေးဆွဲပြနိုင်ခြင်း

(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၁)၊ သင်ခန်းစာ(၆) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ထုထည်များအကြောင်းကို ရှင်းပြပြီး အခြေခံထုထည် ၅ မျိုးကိုဖော်ပြနိုင်ခြင်း
- အရာဝတ္ထုများပုံကို ကြည့်၍ ပုံသဏ္ဌာန်ကူးယူပြီး ထုထည်မျဉ်းများ ထည့်သွင်းရေးဆွဲပြနိုင်ခြင်း

DBE Box – Copyright Protected

## ၁-၇ ထုထည်များဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့် ရေးခြယ်ခြင်း

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့်များ ရေးခြယ်တတ်ရန်
- အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်များ ထည့်သွင်းရေးခြယ်တတ်ရန်

**စာသင်ချိန်(၁)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ထိုင်စေပြီး အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရေးဆွဲပြီးသောထုထည်များ၌ အသွေးအနုအရင့်များကို ခဲဖြင့်ရေးခြယ်ခြင်းအဆင့်ဆင့်ကို သင်ကြားကြရမည်ဖြစ်ကြောင်းပြောပြီး ဆရာက နိဒါန်းပျိုးပါ။

ထုထည်များကို စနစ်မှန်ကန်စွာ ရေးဆွဲရမည်ဖြစ်သကဲ့သို့ အရာဝတ္ထုများ၏ ထုထည်မျက်နှာပြင်သဘောကိုလည်း ပေါ်လွင်အောင် လေ့ကျင့်ရမည်ဖြစ်ကြောင်းလည်း ပြောပြပါ။

ပြီးလျှင် ဆရာက ထုထည်မျက်နှာပြင်သဘောဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ထုထည်မျက်နှာပြင်သဘောများစွာရှိသည့်အနက် ဤနေရာတွင် ထုထည်မျက်နှာပြင်သဘောဆိုသည်မှာ အရာဝတ္ထု၏ ခုံးခြင်း၊ ခွက်ခြင်းနှင့် ပြင်ညီဖြစ်ခြင်းသဘောကိုသာ ဆိုလိုကြောင်းရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

**(၁-၇-၁) အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့်ထည့်သွင်းရေးဆွဲခြင်း**

အသွေးအနုအရင့်အဆင့်များထည့်သွင်းရေးဆွဲရာတွင် လွယ်ကူစေရန် စတင်ရေးဆွဲချိန်၌ အသွေးအနုအရင့် ၃ ဆင့်သာ ထည့်သွင်းရေးဆွဲရပြီး ကျွမ်းကျင်သောအခါ အသွေးအနုအရင့်အဆင့်များကို ပိုမိုအသုံးပြုနိုင်ကြောင်းပြောပြပါ။

ပြီးလျှင် ကျောင်းသုံးစာအုပ်ပါပုံ(၁)ကို ပြ၍ အခြေခံထုထည်များတွင် အသွေးအနုအရင့်များအဆင့်ဆင့်ပြောင်းလဲသွားပုံကို ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ပထမ ၁၀ မိနစ်တွင် ဆရာက ကျောင်းသားတစ်ဦးလျှင် A4တစ်ရွက်စီဝေပြီး အခြေခံထုထည်ပုံ ၅ ပုံကို ရေးဆွဲစေမည်။

ဒုတိယ ၁၀ မိနစ်တွင် အခြေခံထုထည် တစ်ပုံစီ၌ ခဲဖြင့် အသွေးအနုအရင့် ၃ ဆင့်ခြယ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့်များ ရေးခြယ်ပြပါ။

လေ့ကျင့်ခြင်းမှရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ အခြေခံထုထည်ပုံရေးဆွဲပြီး ခဲခြယ်ထားသောစာရွက်များကို ဆရာက အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

မေးခွန်း(၁)ကို စစ်ဆေးခြင်း

A- အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့် သပ်ရပ်စွာ ရေးခြယ်နိုင်ခြင်း

B- အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့် ရေးခြယ်နိုင်ခြင်း

C- အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့် မရေးခြယ်နိုင်ခြင်း

**အနှစ်ချုပ်အဓိကအချက်**

- အခြေခံထုထည်ပုံများတွင် အသွေးအနုအရင့်များရေးခြယ်နိုင်ခြင်း



DRE Box — Copyright Protected

**စာသင်ချိန်(၂)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး အတန်းရှေ့ကို မြင်နိုင်ရန် အုပ်စုလိုက် ပစောက်ပုံထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ပြီးလျှင် ဆရာက အခြေခံထုထည်ပုံများတွင် မျက်နှာပြင်သဘောပေါ်လွင်ရန် မည်သို့ပြုလုပ်ခဲ့သနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များမှ ဖြေကြားမည်။

မျက်နှာပြင်သဘောပေါ်လွင်စေရန် အသွေးအနုအရင့် ၃ ဆင့်ဖြင့် ထည့်သွင်းရေးဆွဲကြောင်း ပြန်လည်ရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

**(၁-၇-၂) အရာဝတ္ထုပုံများတွင် အသွေးအနုအရင့် ထည့်သွင်းရေးဆွဲခြင်း**

အရာဝတ္ထုများတွင် အသွေးအနုအရင့်အဆင့်များထည့်သွင်းရေးဆွဲရာ၌ ခုံးခြင်း၊ ခွက်ခြင်း၊ ပြင်ညီဖြစ်ခြင်း မျက်နှာပြင်သဘောများကို ခဲဖြင့် အဆင့် ၃ ဆင့်ခွဲခြားရေးဆွဲရကြောင်းပြောပြပြီး ကျောင်းသုံးစာအုပ်ပါပုံ(၂)ရှိ ရေတံကောင်းအိုးပုံမှ ခဲဖြင့် အသွေးအနုအရင့်ပြောင်းလဲပုံကို အသွေးနု၊ အသွေးလတ်၊ အသွေးရင့် ၃ ဆင့်ဖြင့် ပြသရှင်းလင်းပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက အိုးခွက်များ၊ သစ်သီးများနှင့် ပန်းများကို အတန်းရှေ့တွင် စားပွဲတစ်ခုပေါ်တင်လျက် ပြင်ဆင်ပါ။

(အိုးခွက်များ၊ သစ်သီးများနှင့် ပန်းများပြင်ဆင်ရန် အခက်အခဲရှိပါက အရောင်၊ ပုံသဏ္ဌာန်နှင့် အရွယ်အစား မတူညီသောအရာဝတ္ထုများကို အသုံးပြုနိုင်သည်။)

အကယ်၍ အသုံးပြုရန်အရာဝတ္ထုများ ရှာဖွေရန် အခက်အခဲရှိပါက ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို အသုံးပြုနိုင်သည်။

ပထမ ၁၀ မိနစ်တွင် စားပွဲပေါ်ရှိ အရာဝတ္ထုများကို ပုံကြမ်းကူးယူစေမည်။

ဒုတိယ ၁၀ မိနစ်တွင် ရေးဆွဲပြီးသောပုံများ၌ ခဲဖြင့် အသွေးအနုအရင့် ၃ ဆင့်ကို ထည့်သွင်းရေးဆွဲစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၂။ ပေးထားသောအရာဝတ္ထုပုံများကို ရေးဆွဲပြီး အသွေးအနုအရင့်များ ထည့်သွင်းရေးခြယ်ပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ အရာဝတ္ထုပုံရေးဆွဲပြီး ခဲခြယ်ထားသောပုံစာရွက်များကို ဆရာက အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

မေးခွန်း(၂)ကို စစ်ဆေးခြင်း

A- အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်များ အဆင့်လိုက် သပ်ရပ်စွာ ထည့်သွင်းရေးခြယ်နိုင်ခြင်း
B- အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်များ ထည့်သွင်းရေးခြယ်နိုင်ခြင်း
C- အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်များ ထည့်သွင်း မရေးခြယ်နိုင်ခြင်း

(မေးခွန်း(၁)နှင့် (၂)ပုံစာရွက်များကို အခန်း(၁)၊ သင်ခန်းစာ(၇) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်**

- အရာဝတ္ထုပုံများတွင် အသွေးအနုအရင့်များ ထည့်သွင်းရေးခြယ်နိုင်ခြင်း

DBEBox_Copyright Protected

## ၁–၈ ထုထည်များဖြင့် အဆောက်အအုံများ စုပေါင်းဖန်တီးခြင်း

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ထုထည်ရှိသောစက္ကူဘူးခွံအမျိုးမျိုးဖြင့် ပြုလုပ်ထားသော အဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု ဖန်တီးတတ်ရန်
- ပြုလုပ်ထားသောမြို့ပြရှုခင်းကို မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြောင်း ရှင်းပြတတ်ရန်

**စာသင်ချိန်(၁)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ထုထည်ရှိသောစက္ကူဘူးခွံအမျိုးမျိုးဖြင့် အဆောက်အအုံပုံစံငယ်များ အဖွဲ့လိုက် စုပေါင်းဖန်တီးရေးခြယ်ကြရမည်ဖြစ်ကြောင်း ပြောပြပါ။

ထုထည်များဖြင့် အဆောက်အအုံများဖန်တီးခြင်းဆိုသည်မှာ မည်သို့ထင်သနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးပြီး အုပ်စု ကိုယ်စားလှယ်များက ဖြေကြားမည်။

မိမိတို့ပတ်ဝန်းကျင်ရှိ အသုံးပြုပြီးသော ထုထည်ပုံစံ စက္ကူဘူးခွံမျိုးစုံကို ပြန်လည်အသုံးပြု၍ အဆောက်အအုံများပြုလုပ်ပြီး အရောင်ရေးခြယ်ခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

**(၁–၈–၁) ရောင်စုံခြယ်ထားသောကမ္ဘာတစ်လွှားမှ အိမ်များ**

ကျောင်းသုံးစာအုပ်ပါပုံ(၁)ကို ပြပြီး ကမ္ဘာတစ်လွှားတွင် အိမ်များဆောက်လုပ်ပြီးစီးသည့်အခါ ဆေးရောင်စုံများလှပစွာခြယ်ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်းပြောပြပါ။

**(၁–၈–၂) အဆောက်အအုံများပြုလုပ်ခြင်း**

ကျောင်းသုံးစာအုပ်ပါပုံ(၂)ကိုပြပြီး ၎င်းအဆောက်အအုံပုံစံများကို စက္ကူဘူးခွံများဖြင့် ပုံဖော်ပြုလုပ်ပြီးဆေးခြယ်နိုင်ကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ပထမ ၁၀ မိနစ်တွင် ဆရာက ကျောင်းသားတစ်ဦးလျှင် ကတ်ထူစက္ကူဘူးခွံတစ်ခု၊ ကတ်ထူတစ်ချပ်နှင့် ကော်တစ်ထုပ်စီကို ဝေပြီး အဆောက်အအုံတစ်ခုစီကို နှစ်သက်သလိုပုံဖော်စေမည်။

ဒုတိယ ၁၀ မိနစ်တွင် အုပ်စုတစ်စုလျှင် အဝါ၊ အနီနှင့် အပြာရောင်ရေဆေးခွက် ၃ ခွက်နှင့် စုတ်တံပြား ၃ ချောင်းကိုပေးပြီး ပြီးသွားသောအဆောက်အအုံများကို ဆေးရောင်ခြယ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မိမိပြုလုပ်ထားသောအဆောက်အအုံအကြောင်း ရှင်းပြပါ။

ကျောင်းသားကျောင်းသူများရှင်းပြသောအဆောက်အအုံတစ်ခုချင်းစီအကြောင်းများကို ဆရာက A4 စာရွက်တစ်ရွက်တွင် ကျောင်းသားကျောင်းသူ၏ ကိုယ်ရည်ကိုယ်သွေးအတွက် မှတ်တမ်းတင်ပေးရန်သာဖြစ်ပြီး အဆင့်သတ်မှတ်ပေးရန်မလိုပါ။

**အနှစ်ချုပ်အဓိကအချက်**

- စက္ကူဘူးခွံဖြင့် အဆောက်အအုံပြုလုပ်ပြီး ဆေးခြယ်ကာ ပုံဖော်နိုင်ခြင်း



DBE Box – Copyright Protected

**စာသင်ချိန်(၂)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ပြီးခဲ့သောစာသင်ချိန်(၁)တွင် ထိုင်ခဲ့သောအုပ်စုအဖွဲ့အတိုင်း မျက်နှာချင်းဆိုင်ထိုင်စေမည်။

ပြီးခဲ့သောစာသင်ချိန်မှ အုပ်စုကိုယ်စားလှယ်ကိုပင် အုပ်စုကိုယ်စားလှယ်ဆက်လက်ထားရန်ပြောပြပါ။

ပြီးခဲ့သောစာသင်ချိန်တွင် ပြုလုပ်ခဲ့သော အဆောက်အအုံများကို စက္ကူကတ်ထူပြားပေါ်တွင် စုပေါင်းနေရာချထားပြီး မြို့ပြရှုခင်းတစ်ခု ယနေ့ဖန်တီးကြမည်ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၅ မိနစ်

စက္ကူကတ်ထူပြားပေါ်တွင် ပြုလုပ်ထားပြီးဖြစ်သော ရောင်စုံအဆောက်အအုံတစ်ခုချင်းစီကို နေရာချထားပြီး လမ်းများ၊ တံတားများ၊ သစ်ပင်များစသည်ဖြင့် ထည့်သွင်းကာ ပုံဖော်ပြုလုပ်ရကြောင်း ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၃၀ မိနစ်

အုပ်စုတစ်စုလျှင် ကတ်ထူပြားကြီး တစ်ချပ်၊ ကော်ထုပ် ၃ ထုပ်ပေးပါ။

ပထမ ၂၀ မိနစ်တွင် ကတ်ထူပြားကြီးပေါ်၌ အဆောက်အအုံများကို နေရာချထားပြီး ကော်ဖြင့်ကပ်ကာ ပုံဖော်စေမည်။

ဒုတိယ ၁၀ မိနစ်တွင် A4 စာရွက်ပေါ်၌ အုပ်စုတွင်းပါဝင်သူများအမည်နှင့် အုပ်စုတွင်းတွင် မည်သို့စဉ်းစားပြုလုပ်ခဲ့ကြကြောင်း ရေးပြီး ဆရာထံ အပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ထုထည်ရှိသောစက္ကူဘူးခွံအမျိုးမျိုးဖြင့် ပြုလုပ်ထားသောအဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု ဖန်တီးပြပါ။

၂။ ပြုလုပ်ထားသောမြို့ပြရှုခင်းကို မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြောင်းရှင်းပြပါ။

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုတစ်စုချင်း၏ ပြုလုပ်ထားသောမြို့ပြရှုခင်းပုံ ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။ အုပ်စုမှရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- စက္ကူဘူးခွံအမျိုးမျိုးဖြင့် ပြုလုပ်ထားသောအဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု လှပစွာ ဖန်တီးနိုင်ခြင်း

B- စက္ကူဘူးခွံအမျိုးမျိုးဖြင့် ပြုလုပ်ထားသောအဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု ဖန်တီးနိုင်ခြင်း

C- စက္ကူဘူးခွံအမျိုးမျိုးဖြင့် ပြုလုပ်ထားသောအဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု မဖန်တီးနိုင်ခြင်း

လေ့ကျင့်ခြင်းမှ ရရှိသော အုပ်စုတစ်စုချင်း၏ ပြုလုပ်ထားသောမြို့ပြရှုခင်းပုံကို မည်ကဲ့သို့ စဉ်းစားပြီး ပြုလုပ်ခဲ့သည့်အကြောင်းရှင်းပြခြင်းကို ဆရာက အောက်ပါအဆင့်အတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။ အုပ်စုမှ ရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ ရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- ပြုလုပ်ထားသောမြို့ပြရှုခင်းကို မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြောင်း အချက်အလက်စုံလင်စွာရှင်းပြနိုင်ခြင်း

B- ပြုလုပ်ထားသောမြို့ပြရှုခင်းကို မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြောင်း ရှင်းပြနိုင်ခြင်း

C- ပြုလုပ်ထားသောမြို့ပြရှုခင်းကို မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြောင်း မရှင်းပြနိုင်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ လက်ရာများကို အခန်း(၁)၊ သင်ခန်းစာ(၈)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။ စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၁)၊ သင်ခန်းစာ(၈) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ထုထည်ရှိသောစက္ကူဘူးခွံအမျိုးမျိုးဖြင့် အဖွဲ့လိုက်ပြုလုပ်ထားသောအဆောက်အအုံများစုပေါင်း၍ မြို့ပြရှုခင်းတစ်ခု ဖန်တီးတတ်ခြင်း
- ပြုလုပ်ထားသောမြို့ပြရှုခင်းအား မည်ကဲ့သို့စဉ်းစားပြုလုပ်ခဲ့ကြသည်ကို ရှင်းပြတတ်ခြင်း

DBE Box – Copyright Protected

## ၁-၉ သူငယ်ချင်းပုံရေးဆွဲခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- လူမျက်နှာပုံရှိ အချက်အလက်စုံလင်စွာ ရေးဆွဲတတ်ရန်
- လူမျက်နှာရှိ ထူးခြားသောအချက်များကို ရှာဖွေပြီး ထည့်သွင်းရေးဆွဲတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး ကျောင်းသားကျောင်းသူ ၂ ဦးစီ ၃တွဲ မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် မိမိသူငယ်ချင်းတစ်ဦး၏ပုံကို ရေးဆွဲမည်ဖြစ်ကြောင်းပြောပြပါ။ မိမိသူငယ်ချင်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး ထူးခြားသောအချက်များကို အပြန်အလှန်ရှာဖွေပြီး ပုံတူရေးဆွဲကြမည်ဖြစ်ကြောင်း ရှင်းပြပါ။

လူတစ်ဦး၏ မျက်နှာတွင် မည်သည့်အင်္ဂါအစိတ်အပိုင်းများပါသနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများကအုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

**သင်ကြားခြင်း** ၁၅ မိနစ်

### (၁-၉-၁) လူပုံရေးဆွဲမှုမိတ်ဆက်

လူပုံများရေးဆွဲရာတွင် ရေးဆွဲခံရသူ၏ မျက်နှာပြင်သည် မည်သည့်အခြေခံပုံသဏ္ဌာန်နှင့် နီးစပ်စွာတူညီသည်ကို ရှာဖွေရကြောင်းပြောပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၁)ကို ပြပြီး မျက်နှာဝိုင်းသောပုံကိုရေးဆွဲရာတွင် အဝိုင်းပုံရေးဆွဲပြီးနောက် အဝိုင်းကို ထက်ဝက်ပိုင်းသောမျဉ်းမတ်နှင့် မျဉ်းလဲတို့ကို ရေးဆွဲရကြောင်းပြောပြပြီးရေးဆွဲပြပါ။ အဝိုင်း၏အောက်ဖက်အခြမ်းကို ၃ ပုံ ပုံပြီး ပထမတစ်ပုံတွင် မျက်စိကို ထည့်သွင်းရေးဆွဲပြပါ။ဒုတိယအပုံတွင် နှာခေါင်းမျဉ်းတိုကိုထည့်သွင်းရေးဆွဲပြပြီး တတိယအပုံတွင် ပါးစပ်မျဉ်းခွက်ကို ရေးဆွဲပြပါ။ ထို့နောက် ပထမမျဉ်းနှင့် ဒုတိယမျဉ်းဝဲယာ ၂ ဖက်တွင် နားရွက်များကို ရေးပြပါ။ ပြီးလျှင် ဆံပင်နှင့် အကျီကော်လံကို ရေးဆွဲပြပါ။ (၄င်းပုံကို ရေးပြရာတွင် ဆရာသည် လျင်မြန်စွာရေးဆွဲပြရန်လိုသည်။ သို့မှသာ ဆရာက ဆွဲပြနိုင်သဖြင့် ကျောင်းသားကျောင်းသူများရေးဆွဲလိုစိတ်ထက်သန်လာမည်။)

ထို့နောက် ဆရာက လူမျက်နှာများတွင် နဖူးကျဉ်းပြီး မေးရိုးကျယ်ခြင်း၊ နဖူးကျယ်ပြီး မေးရိုးကျဉ်းခြင်း၊ နဖူးနှင့် မေးရိုးကျယ်ခြင်း၊ နဖူးနှင့် မေးရိုးကျဉ်းခြင်းပုံစံများသည် အခြေခံပုံသဏ္ဌာန်မှ စတုဂံပုံစံများဖြစ်ကြောင်း ကျောင်းသုံးစာအုပ်ပါပုံ(၁)ကို ပြပြီး ရှင်းပြပါ။

### (၁-၉-၂) ထူးခြားချက်များကို ရှာဖွေရေးဆွဲခြင်း

မျက်နှာပြင်အပြင် ဆံပင်၊ မျက်လုံး၊ မျက်ခုံး၊ နှာခေါင်း၊ ပါးစပ်နှင့် နားရွက်တို့၏ ထူးခြားချက်ကို ရှာဖွေမှတ်သားရေးဆွဲရကြောင်းရှင်းပြပါ။

ဥပမာအားဖြင့်-

ဆံပင်တွင် ဖြောင့်ခြင်း၊ ကောက်ခြင်း၊ ရှည်ခြင်း၊ တိုခြင်း၊ မည်းနက်ခြင်း၊ နီခြင်း

မျက်လုံးတွင် ပြူးကျယ်ခြင်း၊ မှေးခြင်း

မျက်ခုံးတွင် ထူခြင်း၊ ပါးခြင်း၊ ကွေးခြင်း၊ ဖြောင့်တန်းခြင်း

နှာခေါင်းတွင် ပွခြင်း၊ ချွန်ခြင်း၊ ကောက်ခြင်း

ပါးစပ်တွင် နှုတ်ခမ်းထူခြင်း၊ ပါးခြင်း၊ ရယ်ခြင်း၊ မဲ့ခြင်း

နားရွက်တွင် ကားခြင်း၊ ပြားချပ်ခြင်း

ဖြူခြင်း၊ မည်းခြင်း၊ ညိုခြင်းစသော အသားအရောင်နှင့် ဦးထုပ်၊ နားဆွဲ၊ ဆွဲကြိုး ဝတ်စားဆင်ယင်မှုကိုလည်း ထည့်သွင်းရေးဆွဲနိုင်ကြောင်းလည်း ရှင်းပြပါ။ ထိုသို့ရေးဆွဲရာတွင် တစ်ကိုယ်လုံးရေးဆွဲရန် မလိုဘဲ မျက်နှာနှင့် ရင်အုပ်အထိသာ ရေးဆွဲရမည်ဖြစ်ကြောင်း ပြောပြပါ။

DBE Box - Copyright Protected

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် A4 တစ်ရွက်စီနှင့် ရောင်စုံခဲတံဘူး တစ်ဘူးစီဝေမည်။

ပြီးနောက် မျက်နှာချင်းဆိုင်ကျောင်းသားကျောင်းသူကို ကြည့်ပြီး ခဲတံဖြင့် ပုံဖော်ရေးဆွဲစေမည်။

မျက်နှာပုံစံပြီးမှ အခြားအချက်အလက်များထည့်သွင်းရေးဆွဲရန် ပြောပြပါ။

ရေးဆွဲမှုအဆင်ပြေစေရန် ဆရာက လှည့်လည်ကြီးကြပ်ပါ။

ထို့နောက် ရောင်စုံခဲတံဖြင့် ဆေးရောင်ခြယ်စေမည်။

ရောင်စုံခဲတံခြယ်လျှင် မျက်နှာကို သတိထားခြယ်ရန် သတိပေးပါ။

ပုံကို ဆေးခြယ်ပြီးနောက် နောက်ခံအရောင်များထည့်သွင်းခြယ်ရမည်ဖြစ်ကြောင်း ပြောပြပါ။

ပြီးလျှင် ရေးဆွဲထားသောပုံစာရွက်နောက်ကျောတွင် အမည်၊ တန်းခွဲတို့ကို ရေးစေမည်။

၎င်းအောက်တွင် သူငယ်ချင်းပုံ၏ ထူးခြားချက်များကို စာကြောင်းအနည်းငယ်ခန့်ဖြင့် ရှင်းပြစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ သူငယ်ချင်းတစ်ဦး၏ မျက်နှာပုံကို အချက်အလက်စုံလင်စွာ ရေးဆွဲပါ။
၂။ ရေးဆွဲပြီးသော သူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှရရှိသည့် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ရေးဆွဲထားသော သူငယ်ချင်းပုံကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- သူငယ်ချင်းတစ်ဦး၏ မျက်နှာပုံကို အချက်အလက်စုံလင်စွာဖြင့် လှပစွာရေးဆွဲနိုင်ခြင်း
B- သူငယ်ချင်းတစ်ဦး၏ မျက်နှာပုံကို အချက်အလက်စုံလင်စွာရေးဆွဲနိုင်ခြင်း
C- သူငယ်ချင်းတစ်ဦး၏ မျက်နှာပုံကို မရေးဆွဲနိုင်ခြင်း

လေ့ကျင့်ခြင်းမှရရှိသည့် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ရေးဆွဲထားသော သူငယ်ချင်းပုံ၏ နောက်ကျောမှ ရှင်းပြထားချက်များကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- ရေးဆွဲပြီးသောသူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို ကောင်းစွာ ရှင်းပြနိုင်ခြင်း
B- ရေးဆွဲပြီးသောသူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို ရှင်းပြနိုင်ခြင်း
C- ရေးဆွဲပြီးသောသူငယ်ချင်းမျက်နှာပုံ၏ ထူးခြားချက်များကို မရှင်းပြနိုင်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ လက်ရာများနှင့် စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၁)၊ သင်ခန်းစာ(၉) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- လူမျက်နှာပုံရှိ အချက်အလက်စုံလင်စွာ ရေးဆွဲတတ်ခြင်း
- လူမျက်နှာရှိ ထူးခြားသောအချက်များကို ရှာဖွေပြီး ထည့်သွင်းရေးဆွဲတတ်ခြင်း

DBE Box – Copyright Protected

**၁–၁၀ ရှုမျှော်ခင်းရေးဆွဲခြင်း** **စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- ရှုမျှော်ခင်းတစ်ပုံကို မြင်ကွင်းရှာဖွေတတ်ပြီး နီးဝေးမှန်ကန်စွာ ရေးဆွဲတတ်ရန်
- ရေးဆွဲထားသောရှုမျှော်ခင်းပုံတွင် ပါဝင်သောအချက်အလက်များကို ရှင်းပြတတ်ရန်

**စာသင်ချိန်(၁)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရှုမျှော်ခင်းပုံ ရေးဆွဲကြရမည်ဖြစ်ကြောင်း ပြောပြပါ။

**ရှုမျှော်ခင်းဆိုသည်မှာ အဘယ်နည်းဟု မေးပါ။**

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ဆရာက ရှုမျှော်ခင်းဆိုသည်မှာ ကြည့်ရှုဖွယ်ကောင်းသောမြင်ကွင်းကို ဆိုလိုကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

**(၁–၁၀–၁) ရှုမျှော်ခင်းတွင် ပါဝင်သောအပိုင်းများ**

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ရှုမျှော်ခင်းပုံတွင် ကြည့်သူနှင့် အနီးဆုံးအရှေ့အပိုင်း (Foreground) ပုံ၏ အလယ်အပိုင်း (Middle ground) နှင့် အဝေးဆုံး နောက်ခံအပိုင်း (Background)ဟူ၍ အပိုင်း ၃ ပိုင်းပါဝင်ပြီး ၄င်းအပိုင်းတို့ကို မှန်ကန်စွာ ရေးဆွဲရကြောင်း ခွဲခြားရှင်းပြပါ။

**(၁–၁၀–၂) မြင်ကွင်းရှာကားချပ်(Viewfinder)ဖြင့် ရှာခြင်း**

ရှုမျှော်ခင်းမြင်ကွင်းများကို လက်ဖြင့် မြင်ကွင်းသင်္ကေတ ပြုလုပ်ရှာနိုင်သကဲ့သို့ စက္ကူကတ်ထူကို မြင်ကွင်းရှာကားချပ်ပြုလုပ်၍လည်း ရှာဖွေနိုင်ကြောင်း အသင့်ပြုလုပ်ထားသော မြင်ကွင်းရှာကားချပ်ဖြင့် ရှင်းပြပါ။ (ဗလာစာအုပ်အဖုံးကတ်ထူ တစ်ချပ်၏ဘေးအနားများကို၁ လက်မစီချန်ပြီး စတုဂံပုံထွင်းထုတ်၍ သွပ်ကြိုးအသေး သို့မဟုတ် ဝါးတုတ်အသေး ၄ ချောင်းကို အဖုံး၏ နှစ်ချပ်အကြား ပုံပါအတိုင်း ထည့်သွင်းကော်ကပ်ပြီး မြင်ကွင်းရှာကားချပ်ပြုလုပ်နိုင်သည်။)

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် ပုံဆွဲစာရွက် တစ်ရွက်၊ A4 စာရွက် တစ်ဝက်စီနှင့် အောက်ခံပြားတစ်ချပ်စီကို ဝေပြီး ရာသီဥတုသာယာပါက ပြင်ပထွက်စေ၍ တစ်ဦးချင်းရေးဆွဲလိုသောမြင်ကွင်းတစ်ခုကို ရှာဖွေရေးဆွဲစေမည်။ (အကယ်၍ ရာသီဥတုနှင့် ပြင်ပထွက်ရန်အခက်အခဲရှိပါက ကျောင်းပြတင်းပေါက်မှ မြင်ရသောမြင်ကွင်းကိုသာ ပုံကြမ်းရေးဆွဲစေမည်။)

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၂။ ရေးဆွဲထားသောရှုမျှော်ခင်းပုံတွင် ပါဝင်သောအချက်အလက်များကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသောပုံစာရွက်များကို ပြန်လည်သိမ်းဆည်းပြီး ပါဝင်သောအချက်အလက်များကို စာရွက် A4 တစ်ဝက်တွင် ရှင်းပြရေးစေပြီး ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- ရှုမျှော်ခင်းပုံကို မည်ကဲ့သို့စဉ်းစားရေးဆွဲခဲ့ကြောင်း အချက်အလက်စုံလင်စွာရှင်းပြနိုင်ခြင်း

B- ရှုမျှော်ခင်းပုံကို မည်ကဲ့သို့စဉ်းစားရေးဆွဲခဲ့ကြောင်း ရှင်းပြနိုင်ခြင်း

C- ရှုမျှော်ခင်းပုံကို မည်ကဲ့သို့စဉ်းစားရေးဆွဲခဲ့ကြောင်း မရှင်းပြနိုင်ခြင်း

**အနှစ်ချုပ်အဓိကအချက်**

- ရေးဆွဲထားသောရှုမျှော်ခင်းပုံတွင် ပါဝင်သောအချက်အလက်များကို ရှင်းပြတတ်ခြင်း



DBE Box - Copyright Protected

**စာသင်ချိန်(၂)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် ပြီးခဲ့သောစာသင်ချိန်(၁)တွင်ထိုင်ခဲ့သောအုပ်စုအဖွဲ့အတိုင်း မျက်နှာချင်းဆိုင်ထိုင်စေမည်။

ပြီးခဲ့သောစာသင်ချိန်အုပ်စုကိုယ်စားလှယ်ကိုပင် အုပ်စုကိုယ်စားလှယ်ဆက်လက်ထားရန်ပြောပြပါ။

ပြီးခဲ့သောစာသင်ချိန်တွင် ရေးဆွဲခဲ့သောရှုမျှော်ခင်းပုံကြမ်းကို ဆက်လက်ရေးဆွဲဆေးခြယ်ကြမည်ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၅ မိနစ်

**(၁-၁၀-၃) လေ့ကျင့်လက်ရာများ**

ကျောင်းသုံးစာအုပ်ပါပုံ (၄)ကို ပြပြီး ကျောင်းသားကျောင်းသူများ ပြင်ပရှုမျှော်ခင်းများကို ကူးယူရေးဆွဲနေကြပုံကို လေ့လာစေမည်။

ကျောင်းသုံးစာအုပ်ပါပုံ (၅)ကို ပြပြီး ကျောင်းသားကျောင်းသူများ၏ လေ့ကျင့်လက်ရာများကို လေ့လာကြည့်ရှုစေမည်။ ကျောင်းသားကျောင်းသူတစ်ဦးချင်းစီသည် မိမိတို့စိတ်ကူးဖြင့် မြင်ကွင်းရှာကာ ရေးခြယ်လိုသောအရောင်များကို ထည့်သွင်းရေးခြယ်ထားပုံကို လေ့လာစေမည်။

**လေ့ကျင့်ခြင်း** ၁၀ မိနစ်

ပြီးခဲ့သောစာသင်ချိန်တွင် ရေးဆွဲခဲ့သည့် ရှုမျှော်ခင်းပုံကြမ်းနှင့် အောက်ခံပြားကို ပြန်လည်ဝေပေးပါ။

အုပ်စုတစ်အုပ်စုလျှင် ရေဆေး အဝါ၊ အနီနှင့် အပြာဆေးရည်တစ်စုံစီ၊ စုတ်တံအသေး ၆ ချောင်း၊ စုတ်တံအပြား ၆ ချောင်း၊ စုတ်ဆေးရန် ရေခွက် ၃ ခွက်နှင့် အဝတ်စငယ် ၆ စစီ ဝေပေးပါ။

ပြီးခဲ့သောစာသင်ချိန်တွင် ရေးဆွဲခဲ့သောရှုမျှော်ခင်းပန်းချီကားကို ဆက်လက်ဆေးခြယ်စေမည်။ ဆေးခြယ်ရာတွင် သဘာဝတွင် ရှိသောအရောင်များအပြင် မိမိခြယ်လိုသောအရောင်များကိုလည်း လွတ်လပ်စွာရေးခြယ်နိုင်ကြောင်း အသိပေးပါ။

ဆေးခြယ်ပြီးပါက ပုံ၏အောက်တွင် အမည်နှင့် တန်းခွဲကို ရေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မြင်ကွင်းတစ်ခုရှာဖွေပြီး ရှုမျှော်ခင်းတစ်ပုံကို နီးဝေးမှန်ကန်စွာ ရေးဆွဲပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသောပုံစာရွက်များကို ပြန်လည်သိမ်းဆည်းပြီး ကျောင်းသားကျောင်းသူများရေးဆွဲထားသောရှုခင်းပုံများကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- မြင်ကွင်းတစ်ခုကို ရှာဖွေပြီး ရှုမျှော်ခင်းတစ်ပုံကို နီးဝေးမှန်ကန်စွာ ရေးဆွဲပြတတ်ခြင်း
B- မြင်ကွင်းတစ်ခုကို ရှာဖွေပြီး ရှုမျှော်ခင်းတစ်ပုံကို ရေးဆွဲပြတတ်ခြင်း
C- မြင်ကွင်းတစ်ခုကို ရှာဖွေပြီး ရှုမျှော်ခင်းတစ်ပုံကို မရေးဆွဲပြတတ်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ ရှုမျှော်ခင်းလက်ရာများနှင့် ရှင်းပြချက်များကို ဆရာက အဆင့်သတ်မှတ်စစ်ဆေးပြီး အခန်း(၁)၊ သင်ခန်းစာ(၁၀) ပန်းချီဖိုင်တွဲတွင် အဆင့်မှတ်တမ်းနှင့်အတူ ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်**

- ရှုမျှော်ခင်းတစ်ပုံကို မြင်ကွင်းရှာဖွေတတ်ပြီး နီးဝေးမှန်ကန်စွာ ရေးဆွဲတတ်ခြင်း

DBE Box_Copyright Protected

## ၁–၁၁ သက်ငြိမ်ပန်းချီရေးဆွဲခြင်း

**စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာရည်ရွယ်ချက်များ**

- သက်ငြိမ်ပန်းချီကားပုံ တစ်ပုံကို နေရာချထားရေးဆွဲပြတတ်ရန်
- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို ရှင်းပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး အတန်းရှေ့သို့မြင်နိုင်ရန် ပစောက်ပုံ ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် သက်ငြိမ်ပန်းချီ(Still Life) ရေးဆွဲကြရမည် ဖြစ်ကြောင်း ပြောပြပါ။

သက်ငြိမ်ပန်းချီဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စု ကိုယ်စားလှယ်များမှ ဖြေကြားမည်။

သက်ငြိမ်ပန်းချီဆိုသည်မှာ ပန်းများ၊ အသီးများ၊ အိုးခွက်များအစရှိသော မလှုပ်ရှားသည့်အရာများကို စီစဉ်နေရာချထား ပြီး ပုံရေးခြယ်ခြင်းကို ဆိုလိုကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

**(၁–၁၁–၁) နေရာချထားခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ရေးလိုသောအရောင်နှင့် ပုံသဏ္ဌာန်ရှိသည့် ပစ္စည်းများကို လှပပြီး ရှင်းလင်းစွာ မြင်နိုင်သောအနေအထားဖြစ်အောင်နေရာချထားရကြောင်းရှင်းပြပါ။

ထိုကဲ့သို့ နေရာချထားရာတွင် ပါဝင်သောပစ္စည်းများ၏ အရွယ်အစားနှင့် အနေအထားမတူစေရန် သတိပြုရ ကြောင်းလည်း ထည့်သွင်းပြောပြပါ။

**(၁–၁၁–၂) အသွေးအနုအရင့် ခွဲခြားရေးခြယ်ခြင်း**

ကျောင်းသုံးစာအုပ်ပါပုံ(၂)ကို ပြပြီး အသွေးအနုအရင့်ကိုလည်း အဆင့်လိုက်လျှာထားပြီး ခဲဖြင့် သို့မဟုတ် အရောင်ဖြင့် ခွဲခြားရေးခြယ်ရကြောင်း ရှင်းလင်းပြပါ။

အသွေးအနုအရင့်အဆင့်များ လျှာထားရာတွင်လည်း ယခင်သင်ကြားခဲ့သည့်အတိုင်း အဆင့် ၃ ဆင့်ဖြင့် ရေးခြယ်လျှင် လည်း ရကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် ပုံဆွဲစာရွက်တစ်ရွက်၊ ရေဆေးအဝါ၊ အနီ၊ အပြာဆေးရည်တစ်စုံစာ၊ စုတ်တံအလုံး သေးတစ်ချောင်း၊ စုတ်တံအပြားတစ်ချောင်းနှင့် စုတ်ဆေးရန်ရေခွက်တစ်ခွက်စီ ပေးဝေမည်။

ရောင်စုံခဲတံဖြင့် ရေးခြယ်လိုသောကျောင်းသားကျောင်းသူများကို ရောင်စုံခဲတံ တစ်ဘူးစီပေးဝေမည်။

ခဲတံဖြင့်သာ ရေးခြယ်လိုသောကျောင်းသားကျောင်းသူများကိုမူ ၎င်းတို့ခဲတံနှင့် အကြမ်းရေးဆွဲပြီး ခဲခြယ်နိုင်ရန် ခဲတံ 2HB တစ်ချောင်းစီပေးဝေမည်။

ပထမ ၅ မိနစ်တွင် အုပ်စုကိုယ်စားလှယ်များက အတန်းရှေ့ထွက်ကြပြီး စီစဉ်ရှာဖွေထားသောအိုးခွက်များ၊ အသီးများ၊ ပန်းများတို့ကို အတန်းရှေ့စားပွဲပေါ်တွင် လာရောက်နေရာချထားစေမည်။ ၎င်းတို့နေရာချထားသည်ကို ကျန်သောကျောင်း သားကျောင်းသူများက အကြံပေးနိုင်ကြောင်းလည်း ဆရာက ပြောပြပြီး ကြီးကြပ်ပါ။



DBE BOX - Copyright Protected

ဒုတိယ ၁၀ မိနစ်တွင် စားပွဲပေါ်ရှိ အရာများကို ခဲတံဖြင့် ပုံကြမ်းရေးဆွဲစေမည်။

ဆရာက ၎င်းတို့ရေးဆွဲနေစဉ် လှည့်လည်ကြီးကြပ်ပေးပြီး ချီးမွမ်းပေးပါ။ သို့ရာတွင် ကူညီပြီး ရေးဆွဲပေးခြင်း၊ ပြင်ဆင်ပေးခြင်းမပြုမိရန် ဂရုပြုပါ။

တတိယ ၁၀ မိနစ်တွင် ဆေးရောင် သို့မဟုတ် ခဲခြယ်စေမည်။

စတုတ္ထ ၅ မိနစ်တွင် ပြီးသွားသောပန်းချီကားနောက်ကျောတွင် သက်ငြိမ်ပန်းချီကားရေးဆွဲရာ၌ တွေ့ကြုံရသောအတွေ့အကြုံများကို ရေးစေမည်။ ထို့နောက် အမည်နှင့် တန်းခွဲကို ရေးစေပြီး ဆရာထံအပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

- သက်ငြိမ်ပန်းချီကားပုံ တစ်ပုံကို နေရာချထားရေးဆွဲပြပါ။
- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှုရရှိသည့် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ရေးဆွဲထားသော သက်ငြိမ်ပန်းချီပုံများကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- သက်ငြိမ်ပန်းချီကို လှပစွာ ရေးဆွဲနိုင်ခြင်း
B- သက်ငြိမ်ပန်းချီကို ရေးဆွဲနိုင်ခြင်း
C- သက်ငြိမ်ပန်းချီကို မရေးဆွဲနိုင်ခြင်း

လေ့ကျင့်ခြင်းမှုရရှိသည့် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ ရေးဆွဲထားသော သက်ငြိမ်ပန်းချီကားပုံ၏ နောက်ကျောမှ သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံ ရှင်းပြထားချက်များကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို အချက်အလက်စုံလင်စွာ ရှင်းပြနိုင်ခြင်း
B- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို ရှင်းပြနိုင်ခြင်း
C- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို မရှင်းပြနိုင်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ လက်ရာများနှင့် စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၁)၊ သင်ခန်းစာ(၁၁) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- သက်ငြိမ်ပန်းချီကားပုံ တစ်ပုံကို နေရာချထားရေးဆွဲပြတတ်ခြင်း
- သက်ငြိမ်ပန်းချီကားရေးဆွဲရာတွင် တွေ့ကြုံရသောအတွေ့အကြုံများကို ရှင်းပြတတ်ခြင်း

DBE Box_Copyright Protected

**စာသင်ချိန်(၂)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို ပြပွဲပြုလုပ်ခြင်းသင်ခန်းစာ စာသင်ချိန်(၁)တွင် ဖွဲ့ထားသော အုပ်စု ၂ အုပ်စုအတိုင်း ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုစာသင်ချိန်တွင် ပြပွဲပြုလုပ်ခြင်းသင်ခန်းစာကို ဆက်လက်သင်ကြားရမည်ဖြစ်ကြောင်း ပြောပြပါ။

ပြပွဲပြုလုပ်ရန် စုဆောင်းသောအဖွဲ့မှ မည်သည့်ပစ္စည်းများ စုဆောင်းခဲ့သနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

**သင်ကြားခြင်း** ၁၀ မိနစ်

**(၁-၁၂-၃) နေရာချထားပြင်ဆင်ခြင်း**

ပြင်ဆင်ရေးအဖွဲ့သည် အတန်း၊ ကျောင်း၊ မြို့ ပညာသင်နှစ်၊ ရက်စွဲတို့ပါသော ပြပွဲခေါင်းစဉ်ကို ပြခန်း၏ရှေ့တွင်လည်းကောင်း၊ ပြသောပန်းချီကားများ၏ ထိပ်ပိုင်းတွင်လည်းကောင်း မြင်သာအောင်ချိတ်ဆွဲရကြောင်း ကျောင်းသုံးစာအုပ်ပါပုံ(၂)ကို ပြပြီး ရှင်းပြပါ။

ပန်းချီကားချပ်များနှင့် လက်မှုပစ္စည်းများကို အမျိုးအစားအလိုက် ကော်၊ တိပ်များဖြင့် နံရံတွင် ကပ်ခြင်း၊ သွပ်ကြိုးတန်းများဆွဲပြီး ကားချပ်ထိပ်၊ ဝဲ၊ ယာတွင် ကလစ်များ၊ ချိတ်များ၊ တိပ်များဖြင့် တွဲကာ ဘေးတိုက်၊ အထက်အောက်ချိတ်ဆွဲခြင်းများ ပြုလုပ်နိုင်ကြောင်း ပြောပြပါ။

**(၁-၁၂-၄) ပြသခြင်း**

ပြင်ဆင်ပြသရေးအဖွဲ့သည် အခြားအတန်းများရှိ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများကို ဖိတ်ကြားပြသရကြောင်း ရှင်းပြပါ။ အချိန်ရရှိပါက ကျောင်းသားကျောင်းသူမိဘများနှင့် အခြားကျောင်းမှ ကျောင်းသားကျောင်းသူများကိုပါ ဖိတ်ကြားပြသနိုင်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

၃၀ လက်မ× ၄၀ လက်မ စက္ကူကြီးတစ်ရွက်၊ ဆေးပင်ကြီးတစ်ချောင်းနှင့် စုဆောင်းထားသောပစ္စည်းများကို ပေးပါ။

ပြင်ဆင်ပြသရေးအဖွဲ့ဝင်အချို့သည် စက္ကူကြီးတစ်ရွက်ပေါ်တွင် ပြပွဲခေါင်းစဉ်ကို ရေးပြီး အတန်းရှေ့တွင် ချိတ်စေမည်။

ကျန်အဖွဲ့ဝင်အချို့သည် အခြားအတန်းမှ ကျောင်းသားကျောင်းသူနှင့် ဆရာ ဆရာမများကို ဖိတ်ကြားမည်။

ထို့နောက် အဖွဲ့ ၂ ဖွဲ့ပေါင်းပြီး ပန်းချီကားချပ်များနှင့် လက်မှုပစ္စည်းများကို အမျိုးအစားအလိုက် ကော်၊ တိပ်များဖြင့် နံရံတွင် ကပ်ခြင်း၊ သွပ်ကြိုးတန်းများဆွဲပြီး ကားချပ်ထိပ်၊ ဝဲ၊ ယာတွင် ကလစ်များ၊ ချိတ်များ၊ တိပ်များဖြင့် တွဲကာ ဘေးတိုက်၊ အထက်အောက်ချိတ်ဆွဲခြင်းများ ပြုလုပ်ပြင်ဆင်စေပြီး ဆရာက ကြီးကြပ်ပါ။

ပြင်ဆင်ပြီးသွားသောအခါ ပြင်ဆင်ပြသရေးအဖွဲ့မှ လာရောက်ကြည့်ရှုသူများကို ရှင်းလင်းပြသစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၂။ စုဆောင်းထားသောပန်းချီကားများနှင့် လက်မှုပစ္စည်းများကို ပြပွဲပြသနိုင်ရန် စီစဉ်ပြုလုပ်ပြပါ။

အုပ်စုလိုက်စုဆောင်းနေရာချထားပြင်ဆင်ပြသခြင်းကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။ အုပ်စုလိုက်ရရှိသောအဆင့်သည် အုပ်စုတွင်းကျောင်းသားကျောင်းသူတစ်ဦးချင်းရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- စုဆောင်းထားသောပန်းချီကားများနှင့် လက်မှုပစ္စည်းများကို ပြပွဲပြသနိုင်ရန် စီစဉ်ပြသနိုင်ခြင်း

B- စုဆောင်းထားသောပန်းချီကားများနှင့် လက်မှုပစ္စည်းများကို ပြသနိုင်ခြင်း

C- စုဆောင်းထားသောပန်းချီကားများနှင့် လက်မှုပစ္စည်းများကို မပြသနိုင်ခြင်း

**အနှစ်ချုပ်အဓိကအချက်**

- ပြပွဲတစ်ခုကို စီစဉ်ပြသတတ်ခြင်း

DBE Box – Copyright Protected

**အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း**

အခန်း(၁) ပန်းချီအနုပညာ

- ၁-၁ မျဉ်းကြောင်းများကို စနစ်မှန်ကန်စွာ ရေးဆွဲခြင်း
- ၁-၂ အခြေခံပုံသဏ္ဌာန်များကို လေ့လာ ရေးဆွဲခြင်း
- ၁-၃ အခြေခံပုံသဏ္ဌာန်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့် ရေးခြယ်ခြင်း
- ၁-၄ အခြေခံပုံသဏ္ဌာန်များဖြင့် ပုံကူးယူခြင်း
- ၁-၅ စိတ်ကူးဖြင့် မြင်ကွင်းတစ်ခုကို ရေးခြယ်ခြင်း
- ၁-၆ ထုထည်များကို လေ့လာရေးဆွဲခြင်း
- ၁-၇ ထုထည်များ ဖွဲ့စည်းပေါင်းစပ်ပြီး ခဲဖြင့် ရေးခြယ်ခြင်း
- ၁-၈ ထုထည်များဖြင့် အဆောက်အအုံများ စုပေါင်းဖန်တီးခြင်း
- ၁-၉ သူငယ်ချင်းပုံရေးဆွဲခြင်း
- ၁-၁၀ ရှုမျှော်ခင်းရေးဆွဲခြင်း
- ၁-၁၁ သက်ငြိမ်ပန်းချီရေးဆွဲခြင်း
- ၁-၁၂ ပြပွဲပြုလုပ်ခြင်း

DBE Box - Copyright Protected

## အခန်း(၂)
## လက်မှုပညာ

စုစုပေါင်းစာသင်ချိန် ၈ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ယူမှုရလဒ်များ**

အခန်း(၂)သင်ကြားပြီးသောအခါ လက်မှုပညာနှင့် ပတ်သက်သည့်အခြေခံလုပ်ငန်းများကို အဆင့်လိုက်စတင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သင်ခန်းစာအနေဖြင့် ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် အသီးအနှံပုံများပုံဖော်ပြုလုပ်တတ်လာခြင်း၊ ဖဲ့နုတ်ခြင်းနည်းပါသုံးပြီး ရှုခင်းပုံဖော်ပြုလုပ်တတ်လာခြင်း၊ ရွှံ့ဖြင့် တွဲစပ်တတ်စေရန် ခွက်တစ်ခွက်ပြုလုပ်တတ်လာခြင်း၊ စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းဖြင့် ပုံဖော်ကပ်တတ်လာခြင်း၊ စက္ကူကို ချိုးခေါက်နည်းများမှ မဖြတ်တောက်ဘဲ ချိုးခေါက်နည်းကို အသုံးပြုချိုးခေါက်တတ်လာခြင်း၊ ပစ်တိုင်းထောင်ရုပ်ထုထည်ပေါ်စေရန် စက္ကူဖြင့် မိုပုံပေါ်တွင် ကပ်တတ်လာခြင်း၊ စွန့်ပစ်ရန်ဖြစ်သော ရေသန့်ဘူးခွံဖြင့် အသုံးအဆောင်ပစ္စည်းများပြုလုပ်ခြင်းတွင် သစ်သီးခူး တံချူတံပြုလုပ်တတ်လာခြင်း၊ စွန့်ပစ်ရမည့် အအေးပိုက်ချောင်းကလေးများကို သန့်စင်ကာ ရောင်စုံလက်ကောက်ကွင်းများပြုလုပ်တတ်လာခြင်းများကို သင်ယူရရှိမည်ဖြစ်သည်။

ရရှိလာသော လက်မှုပစ္စည်းများကို ပန်းချီအနုပညာပစ္စည်းများနှင့်အတူ ပြပွဲတွင် ပြသရမည်ကို သင်ယူသိရှိလာမည်။

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

သင်ကြားရာတွင် အသုံးပြုရန် ခဲတံ၊ A4စက္ကူ၊ ကတ်ထူစက္ကူ၊ သတင်းစာစက္ကူ၊ ရေဆေးရောင်စုံ၊ စုတ်တံ၊ ဆေးစပ်ခွက်၊ စုတ်ဆေးရန်ခွက်၊ ရောင်စုံခဲတံ၊ ခဲတံချွန်စား၊ ကတ်ကြေး၊ ဆော့ပင်၊ ရွှံ့၊ စွန့်ပစ်ပစ္စည်းအပိုင်းအစများ၊ ကြက်ဥပုံ ရွှံ့မိုထုထည်၊ ရေသန့်ဘူးခွံ၊ အအေးပိုက်ချောင်း၊ ခဲတံချွန်စက်၊ ကော်နှင့် လက်ဆေးရန်ဇလုံများ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။

ထို့ပြင် သင်ခန်းစာသင်ကြားလေ့ကျင့်ရာမှ ရရှိသော လက်မှုလက်ရာများကို ထိန်းသိမ်းရန် ထည့်စရာဗီရို သို့မဟုတ် ပုံးနှင့် ကျောင်းသားကျောင်းသူများရရှိသောအဆင့်များကို ရေးသွင်းထားသောမှတ်တမ်းများသိမ်းဆည်းရန် သင်ခန်းစာတိုင်းအတွက် ဖိုင်တစ်ခုစီထားရှိရမည်။

အထူးမှာ ဆရာလမ်းညွှန်အား ကျေညက်စွာ သိရှိနားလည် သင်ကြားနိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ သင်ကြားရသောသင်ခန်းစာများပေါ်အခြေခံလျက် ထပ်မံတီထွင်နိုင်သောကျောင်းသားကျောင်းသူများအတွက် လိုအပ်သော ပစ္စည်းများကို ထောက်ပံ့ပေးနိုင်ရန်လည်း စီစဉ်ထားသင့်သည်။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

ဤသင်ခန်းစာများသင်ကြားရခြင်းကြောင့် စဉ်းစားတွေးခေါ်မှု ပိုမိုကောင်းမွန်လာခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တီထွင်ဖန်တီးတတ်လာခြင်း၊ ပြဿနာများ ဖြေရှင်းနည်းများကို ကြံဆတတ်လာခြင်း၊ အကြောင်းအရာတစ်ခုကို ပုံဖော်စိတ်ကူးတတ်လာခြင်း၊ ပုံစံချတတ်လာခြင်း၊ ချိန်ဆလုပ်ကိုင်တတ်လာခြင်း၊ အနုပညာခံစားမှုကို ဖော်ပြတတ်လာခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုအား ပိုကောင်းလာခြင်း၊ ကျက်မှတ်ရသောအသိသညာလုပ်ငန်းများထက် ခွဲခြမ်းစိတ်ဖြာတန်ဖိုးဖြတ်တတ်သော အသိပညာနှင့် အတတ်ပညာများကို ပိုမိုစွမ်းဆောင်ထုတ်ဖော်တတ်လာခြင်း၊ အနုပညာလက်ရာများကို တန်ဖိုးဖြတ်တတ်လာခြင်း၊ လက်မှုပညာအမွေအနှစ်များကို ထိန်းသိမ်းလိုလာခြင်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးချလိုစိတ်ဖြစ်ပေါ်လာခြင်း၊ ခွဲခြမ်းစိတ်ဖြာတတ်သောသဘောနှင့် ယှဉ်ပြီး ပေါင်းစပ်တတ်သောသဘောကိုလည်း သိမြင်လာခြင်း၊ စိတ်ရှည်ဇွဲရှိစွာ အလုပ်တစ်ခုကို ပြီးစီးအောင် လုပ်ကိုင်တတ်လာခြင်း၊ သဘာဝရှိ ပစ္စည်းများကို လိုသလိုပုံဖော်တတ်လာခြင်းများဖြစ်ပေါ်**မည်။**

ကျောင်းသားကျောင်းသူများ၏ ပင်ကိုယ်စိတ်ဓာတ်ငုပ်လျှိုးနေသော အနုပညာများ ပြန်လည်ပေါ်ပေါက်လာစေပြီး ထုတ်ဖော်လိုသောစိတ်ဓာတ်၊ ကိုယ်တိုင်ပြုလုပ်သောလက်မှုပညာကို တန်ဖိုးထားသကဲ့သို့ အခြားပညာရှင်များပြုလုပ်ခဲ့သော လက်မှုလက်ရာများကို ထိန်းသိမ်းလိုသောစိတ်ဓာတ်၊ အနုပညာလက်ရာများကို ခံစားလိုခြင်းစိတ်ဓာတ်များအပြင် နိုင်ငံသားကောင်းတစ်ဦးတွင် ရှိသင့်ရှိအပ်သော မိမိနိုင်ငံနှင့် ကမ္ဘာ့အမွေအနှစ်များကို ခံစားတန်ဖိုးထားထိန်းသိမ်းလိုသောစိတ်ဓာတ်များပါ ကိန်းအောင်းလာမည်ဖြစ်သည်။

DBE Box – Copyright Protected

## ၂-၁ ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် အသီးအနှံပုံများပြုလုပ်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ရွှံ့ဖို့ဖြည့်ခြင်းအဓိပ္ပာယ်ကို ပြောပြတတ်ရန်
- ရွှံ့ဖို့ဖြည့်ခြင်းအဆင့်ဆင့်ကို ရှင်းပြတတ်ရန်
- ရွှံ့ဖို့ဖြည့်ခြင်းဖြင့် ပုံပေါ်အောင် ပြုလုပ်နိုင်ရန်

**နိဒါန်းပျိုးခြင်း**　　　　၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရွှံ့ဖို့ဖြည့်ခြင်းနှင့် ပတ်သက်သောလုပ်ငန်းများကို တစ်ဆင့်ချင်းနားလည်သိရှိပြီး ပြန်လည်လုပ်ဆောင်တတ်ရန်အတွက် ပြောင်းဖူးပုံပြုလုပ်ခြင်း နမူနာဖြင့် သင်ကြားမည်ဖြစ်ကြောင်း ပြောပြပါ။

**ရွှံ့ဖို့ဖြည့်ခြင်းဆိုသည်မှာ မည်သည်ကို ဆိုလိုသနည်းဟု မေးပါ။**

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်က ဖြေကြားမည်။

ရွှံ့ဖို့ဖြည့်ခြင်းဆိုသည်မှာ ပုံကြမ်းထုထည်တစ်ခု သို့မဟုတ် ပေါင်းစပ်ထားသော ပုံကြမ်းထုထည်များပေါ်တွင် လိုအပ်သောပုံပေါ်လာအောင် ရွှံ့အပိုင်းအစလေးများဖြင့် တဖြည်းဖြည်းဖို့ဖြည့်ခြင်းကို ဆိုလိုကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း**　　　　၁၀ မိနစ်

### (၂-၁-၁) ပြင်ဆင်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၁)ကို ပြပြီး ရွှံ့ကို ခဲလုံးနှင့်အမှိုက်များမပါအောင်သန့်စင်ပြီးနောက် မမာလွန်း မပျော့လွန်းသောအနေအထားရရှိရန် သစ်သားပြားတစ်ခုပေါ်တွင် ရေအနည်းငယ်ဆွတ်ကာ နယ်ရကြောင်း ရှင်းပြပါ။

### (၂-၁-၂) ပုံကြမ်းလျာထားပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး အရာဝတ္ထုပုံကြမ်း(ပြောင်းဖူးပုံကြမ်း)ပေါ်ရန် ရွှံ့တုံးထုထည်ချောင်းကို လျာထားပြုလုပ်ရကြောင်းရှင်းပြပါ။

### (၂-၁-၃) ပုံကြမ်းထုထည်ပေါ်တွင် ဖို့ဖြည့်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး ရွှံ့တုံးမှ သေးငယ်သောရွှံ့လုံးလေးများဖဲ့ယူလျက် ပုံကြမ်းရွှံ့တုံးထုထည်ပေါ်တွင် လိုအပ်သောပုံရရှိအောင် ဖို့ဖြည့်ရကြောင်း ရှင်းပြပါ။

### (၂-၁-၄) အချောကိုင်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၄)ကို ပြပြီး လက်ကို ရေဆွတ်ပြီး လိုသောပုံရရှိအောင် အချောကိုင်ပြီးနောက် အရိပ်ထဲတွင် အခြောက်ခံရကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း**　　　　၂၅ မိနစ်

ကျောင်းသားကျောင်းသူတစ်ဦးလျှင် ရွှံ့အောက်ခံရန် ကတ်ထူပြားတစ်ချပ်၊ ရွှံ့တစ်ထုပ်နှင့် A4စာရွက်တစ်ဝက်စီ ဝေပါ။

ကျောင်းသားကျောင်းသူများလက်ဆေးရန် အုပ်စုတစ်အုပ်စုလျှင် ရေပုံးတစ်ပုံးစီကိုလည်း အဆင်သင့်ချထားပေးပါ။

ပထမ ၅ မိနစ်တွင် ကျောင်းသားကျောင်းသူများတစ်ဦးချင်းသည် ရွှံ့ဖို့ဖြည့်ခြင်းအဓိပ္ပာယ်နှင့် ပြုလုပ်ပုံအဆင့်ဆင့်ကို A4 စာရွက်တစ်ဝက်စီတွင် မှတ်မိသမျှ ရေးသားကြရန် ဆရာက ညွှန်ကြားပါ။



DBE Box – Copyright Protected

ထို့နောက် ဒုတိယ ၅ မိနစ်တွင် ရွှံ့ကို ပြင်ဆင်ရန်နှင့် ပုံကြမ်းလျှာထားရန် ဆရာက ညွှန်ကြားပါ။

ကျောင်းသားကျောင်းသူများပြုလုပ်နေစဉ်တွင် ဆရာက ကျောင်းသားကျောင်းသူတစ်ဦးစီကို လှည့်လည်ကြီးကြပ်ပါ။

တတိယ ၅ မိနစ်တွင် ပုံကြမ်းထုထည်ပြုလုပ်ပြီး ကျန်သောရွှံ့တုံးမှ ရွှံ့လုံးလေးများဖဲ့ယူလျက် ပြောင်းဖူးပုံ ပေါ်အောင် ဖို့ဖြည့်စေမည်။

ကျောင်းသားကျောင်းသူများပြုလုပ်နေစဉ်တွင် ဆရာက ကျောင်းသားကျောင်းသူတစ်ဦးစီကို လှည့်လည်ကြီးကြပ်ပါ။

စတုတ္ထ ၅ မိနစ်တွင် လက်ကို ရေအနည်းငယ်ဆွတ်စေပြီး အချောကိုင်စေမည်။

ကျောင်းသားကျောင်းသူများပြုလုပ်နေစဉ်တွင် ဆရာက ကျောင်းသားကျောင်းသူတစ်ဦးစီကို လှည့်လည်ကြီးကြပ်ပါ။

ပဉ္စမ ၅ မိနစ်တွင် ရွှံ့အောက်ခံကတ်ထူပြားပေါ်တင်လျက် နေရိပ်ထဲ၌ အခြောက်ခံစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ရွှံ့ဖို့ဖြည့်ခြင်း အဆင့်ဆင့်ကို ပြောပြပါ။
၂။ သင်နှစ်သက်သောအသီးအနှံပုံတစ်ပုံကို ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် ပုံဖော်ပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ရွှံ့ဖို့ဖြည့်ခြင်းလုပ်ငန်းအဆင့်ဆင့်ရေးထားသောစာရွက်များကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

မေးခွန်း(၁)ကို စစ်ဆေးခြင်း

A- ရွှံ့ဖို့ဖြည့်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ပြည့်စုံစွာရှင်းပြနိုင်ခြင်း
B- ရွှံ့ဖို့ဖြည့်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း
C- ရွှံ့ဖို့ဖြည့်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို မရှင်းပြနိုင်ခြင်း

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ ရွှံ့ဖို့ဖြည့်ခြင်းဖြင့် ပြုလုပ်ထားသော ပြောင်းဖူးပုံကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

မေးခွန်း(၂)ကို စစ်ဆေးခြင်း

A- ပြောင်းဖူးပုံကို ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် လှပစွာ ပုံဖော်နိုင်ခြင်း
B- ပြောင်းဖူးပုံကို ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် ပုံဖော်နိုင်ခြင်း
C- ပြောင်းဖူးပုံကို ရွှံ့ဖို့ဖြည့်ခြင်းနည်းဖြင့် ပုံမဖော်နိုင်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ လက်ရာများကို အခန်း(၂)၊ သင်ခန်းစာ(၁)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။ စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၂)၊ သင်ခန်းစာ(၁) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ရွှံ့ဖို့ဖြည့်ခြင်းအဓိပ္ပာယ်ကို ပြောပြတတ်ခြင်း
- ရွှံ့ဖို့ဖြည့်ခြင်းအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း
- ရွှံ့ဖို့ဖြည့်ခြင်းဖြင့် ပုံပေါ်အောင် ပြုလုပ်နိုင်ခြင်း

DBE BOX - Copyright Protected

## ၂-၂ ရွံ့ဖြင့် ရှုခင်းပုံပြုလုပ်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ရွံ့ဖြင့် ရှုခင်းပုံ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ရန်
- ရွံ့ဖြင့် ရှုခင်းပုံတစ်ပုံကို ပုံဖော်ပြုလုပ်တတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ထိုင်စေပြီး အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရွံ့ဖြင့် ရှုခင်းပုံဖော်ခြင်းအဆင့်ဆင့်ကို သင်ကြားရမည်ဖြစ်ကြောင်းပြောပြီး ဆရာက နိဒါန်းပျိုးပါ။

ပြီးလျှင် ရွံ့ဖြင့် ရှုခင်းပုံပြုလုပ်ခြင်းဆိုသည်ကို မည်သို့နားလည်သနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

လျှာထားသောပုံကြမ်းရွံ့တုံးမှ လိုသောရှုခင်းပုံထုထည်ပေါ်လာစေရန် ရွံ့အပိုင်းအစများကို တဖြည်းဖြည်းဖဲ့ပြီး အောက်ခံပြားပေါ်တွင် ဖို့ခြင်းနှင့် ဖဲ့နုတ်ယူခြင်းပြုလုပ်ပြီး ပုံဖော်ခြင်းဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၂-၁) ရွံ့အောက်ခံပြားပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ရွံ့များကို အပေါ်မှ ဖို့ခြင်းနှင့် နုတ်ခြင်းပြုလုပ်နိုင်ရန် ကတ်ထူစက္ကူပြားပေါ်တွင် ရွံ့စေးပါးပါးလိမ်းကျံပြီး ရွံ့ပြားဖြစ်အောင် ပြုလုပ်ရကြောင်း ရှင်းပြပါ။

### (၂-၂-၂) ပုံကြမ်းရွံ့တုံးများပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး လိုအပ်သောအရွယ် ပုံကြမ်းရွံ့တုံးများကို အရွယ်အစားချိန်ဆကာ လျှာထားပြုလုပ်ပြီး နေရာချထား၍အောက်ခံပြားနှင့် တွဲစပ်ရကြောင်း ရှင်းပြပါ။

### (၂-၂-၃) ဖို့ဖြည့်ခြင်းနှင့် ဖဲ့နုတ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး ပုံဖော်လိုသောပုံကြမ်းတုံးများ တွဲစပ်ချထားပြီး လိုအပ်သောနေရာများကို ဖို့ဖြည့်၍ မလိုအပ်သောရွံ့များကို ဖဲ့နုတ်ခြင်း ပြုလုပ်ကာ အချောသပ် မွမ်းမံပေးခြင်းဖြင့် ရှုခင်းပုံတစ်ခုကို ရရှိကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက အုပ်စုတစ်အုပ်စုလျှင် A4တစ်ရွက်၊ ကတ်ထူပြားတစ်ချပ်၊ ကျောင်းသားကျောင်းသူ ၆ ဦးအတွက် ရွံ့ ၆ ထုပ်နှင့် ရေတစ်ပုံးစီ ပေးဝေပါ။

ပထမ ၁၀ မိနစ်တွင် အုပ်စုကိုယ်စားလှယ်ကို A4စာရွက်ပေါ်၌ အုပ်စုအတွင်း ကျောင်းသားကျောင်းသူများ၏ အမည်များနှင့် အတန်းရေးစေမည်။ ပြီးနောက် ရွံ့ဖြင့် ရှုခင်းပုံဖော်ခြင်းအဆင့်ဆင့်ကို ရှင်းပြရေးစေမည်။

ကတ်ထူပြားချပ်ပေါ်တွင် ရွံ့ကို ရေအနည်းငယ်ဆွတ်ပြီး ပါးပါးလိမ်းကျံစေကာ ရွံ့ပြားမြေပြင်ပုံအဖြစ် ကျောင်းသားကျောင်းသူ ၂ ဦးကို ပြုလုပ်စေမည်။



DBE Box — Copyright Protected

ကျောင်းသားကျောင်းသူ ၂ ဦးက ကတ်ထူပြားချပ်ပေါ်တွင် ရွှံ့ကို ရေအနည်းငယ်ဆွတ်ပြီး ပါးပါးလိမ်းကျံကာ ရွှံ့ပြားမြေပြင် ပြုလုပ်စေမည်။

ဆရာက လှည့်လည်ကြီးကြပ်ပြီး လုပ်ငန်းချောမွေ့ရန် ညွှန်ကြားပါ။

ကျန် ၃ ဦးက မြေမျက်နှာသွင်ပြင် ပုံကြမ်းရွှံ့တုံးများ ပြုလုပ်စေမည်။ (တောင်များ၊ ဂူများ၊ တောင်ကုန်းများ၊ မြစ်များ စသည်ဖြင့် ပုံကြမ်းရွှံ့တုံးများပြုလုပ်ခြင်းဖြစ်သည်။)

ထိုကဲ့သို့ပြုလုပ်ရာတွင်ဆရာကလှည့်လည်ကြီးကြပ်ပြီး မိမိနေထိုင်ရာရပ်ရွာပုံစံ သို့မဟုတ် မိမိပြုလုပ်လိုသောမြေမျက်နှာသွင်ပြင်ပုံစံတို့ကို လွတ်လပ်စွာ ပြုလုပ်နိုင်ကြောင်းလည်း ပြောပြပါ။

ဒုတိယ ၅ မိနစ်တွင် ကျောင်းသားကျောင်းသူတစ်အုပ်စုလုံးသည် ပုံကြမ်းရွှံ့တုံးများကို နေရာချထားကာ အောက်ခံပြားနှင့် တွဲစပ်မည်။

ဆရာက ကျောင်းသားကျောင်းသူများ ပြုလုပ်နေခြင်းကို လှည့်လည်ကြီးကြပ်ပါ။ လိုအပ်ပါက ချီးမွမ်းပေးရမည်ဖြစ်သော်လည်း ကူညီပြုလုပ်ပေးခြင်းမပြုလုပ်မိရန် သတိပြုပါ။

တတိယ ၁၀ မိနစ်တွင် ကျောင်းသားကျောင်းသူတစ်အုပ်စုလုံးသည် ပုံကြမ်းရွှံ့တုံးများတွင် လိုအပ်သောနေရာများကို ဖို့ဖြည့်ပြီး မလိုအပ်သောရွှံ့များကို ဖဲ့နုတ်၍ အချောသပ်မွမ်းမံစေမည်။

အားလုံးပြီးပါက လက်များဆေးခြင်း၊ ကြမ်းခင်းနှင့် စားပွဲထိုင်ခုံများကို သန့်ရှင်းစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ရွှံ့ဖြင့် ရှုခင်းပုံ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြပါ။

၂။ သင့်ရပ်ရွာရှိ မြေမျက်နှာသွင်ပြင်တစ်ခုပုံကို ရွှံ့ဖြင့် ပုံဖော်ပါ။

လေ့ကျင့်ခြင်းမှ ရရှိသော ရှုခင်းပုံပြုလုပ်ခြင်းအဆင့်ဆင့် ရှင်းပြခြင်းနှင့် ပြုလုပ်ထားသောရှုခင်းပုံကို အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

မေးခွန်း(၁)ကို စစ်ဆေးခြင်း

A- ရှုခင်းပုံပြုလုပ်ခြင်းအဆင့်ဆင့် ပြည့်စုံစွာ ရှင်းပြခြင်း
B- ရှုခင်းပုံပြုလုပ်ခြင်းအဆင့်ဆင့် ရှင်းပြခြင်း
C- ရှုခင်းပုံပြုလုပ်ခြင်းအဆင့်ဆင့် ရှင်းမပြနိုင်ခြင်း

မေးခွန်း(၂)ကို စစ်ဆေးခြင်း

A- ရွှံ့ဖြင့် ရှုခင်းပုံ ကောင်းမွန်စွာ ပုံဖော်ပြုလုပ်နိုင်ခြင်း
B- ရွှံ့ဖြင့် ရှုခင်းပုံ ပုံဖော်ပြုလုပ်နိုင်ခြင်း
C- ရွှံ့ဖြင့် ရှုခင်းပုံ ပုံဖော်မပြုလုပ်နိုင်ခြင်း

(ကျောင်းသားကျောင်းသူတို့၏ လက်ရာများကို အခန်း(၂)၊ သင်ခန်းစာ(၂)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။ စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၂)၊ သင်ခန်းစာ(၂) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ရွှံ့ဖြင့် ရှုခင်းပုံ ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း
- ရွှံ့ဖြင့် ရှုခင်းပုံတစ်ပုံကို ပုံဖော်ပြုလုပ်တတ်ခြင်း



DBE Box – Copyright Protected

## ၂-၃ ရွံ့ဖြင့် ခွက်တစ်ခွက်ပြုလုပ်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ရွံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြတတ်ရန်
- ရွံ့ဖြင့် ခွက်တစ်ခုကို ပြုလုပ်တတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ထိုင်စေပြီး အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရွံ့ဖြင့် ခွက်တစ်ခွက်အဆင့်ဆင့်ပြုလုပ်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်းပြောပြီး ဆရာက နိဒါန်းပျိုးပါ။

ရွံ့ဖြင့် ခွက်ပြုလုပ်ဖူးသလားဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၃-၁) ရွံ့ပြားပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး အိုးအောက်ခြေအတွက် ရွံ့ကို သင့်လျော်ရုံယူ၍ တလိမ့်တုံးလှိမ့်ကာ ရွံ့ပြားတစ်ပြားပြုလုပ်ရကြောင်းရှင်းပြပါ။

အလိုရှိသော အိုးအောက်ခြေအရွယ်ရှိသည့် ရွံ့ပြားအဝိုင်း လှီးရန် စက္ကူအဝိုင်းပြားမှ ပြုလုပ်ပုံကို ပြောပြပါ။

### (၂-၃-၂) အောက်ခြေပြားပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၂)ကို ပြပြီး ရွံ့ပြား၏ တစ်ဖက်ခြမ်းကပ်လျက် စက္ကူအဝိုင်းပြားတင်ကာ ဓားဖြင့် အဝိုင်းပုံလှီးဖြတ်ပြီး အောက်ခြေပြား ပြုလုပ်ရပုံကို ရှင်းပြပါ။

### (၂-၃-၃) ဒေါင်လိုက်ပြားပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၃)ကို ပြပြီး ရွံ့ပြားအပိုခြမ်းကို ဒေါင်လိုက်တွဲစပ်ရန် အလျားလိုက် လှီးဖြတ်ရကြောင်း ရှင်းပြပါ။

### (၂-၃-၄) အောက်ခံပြားနှင့် တွဲစပ်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ (၄)ကို ပြပြီး အောက်ခံရွံ့ပြားအဝိုင်းပေါ်တွင် ဒေါင်လိုက်ပြားကို ခွေကာကပ်ပြီး ပိုသောရွံ့ပြားဖြတ်ထုတ်ပုံကို ရှင်းပြပါ။

### (၂-၃-၅) ကိုင်းတပ်ပြီး အချောကိုင်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၅)ကို ပြပြီး ကျန်သောရွံ့အပိုင်းအစမှ ရွံ့ချောင်းပုံစံဖြတ်ပြီး ခွက်တွင်ကိုင်းတပ်လိုက်သောအခါ ရွံ့ခွက်တစ်ခွက်ကိုရရှိလာကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားကျောင်းသူတစ်ဦးလျှင် ကတ်ထူပြားတစ်ချပ်၊ ရွံ့ ၁ ထုပ်ပေးဝေပါ။ ရှင်းလင်းချက်ရေးရန် A4တစ်ရွက်စီနှင့် လက်ဆေးရန်အတွက် တစ်အုပ်စုလျှင် ရေတစ်ပုံးစီ ပေးပါ။

DBE Box – Copyright Protected

ပထမ ၅ မိနစ်တွင် အုပ်စုအတွင်း ရွှံ့ဖြင့် ခွက်တစ်ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို စုပေါင်းဆွေးနွေးပြီး A4 စာရွက်ပေါ်တွင် ရေးစေမည်။

ဒုတိယ ၅ မိနစ်တွင် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီသည် အိုးအောက်ခြေအတွက် ရွှံ့ထုပ်ထဲမှ ရွှံ့ကို ကတ်ထူပြားပေါ်တင်ပြီး တလိမ့်တုံးလှိမ့်ကာ ရွှံ့ပြားပြုလုပ်စေမည်။

တတိယ ၅ မိနစ်တွင် ရွှံ့ပြားအဝိုင်းပုံလှီးရန်အတွက် စက္ကူအဝိုင်းပြားမိုပုံကို ကျောင်းသားကျောင်းသူတစ်ဦးချင်းစီကို ဝေပြီး ရွှံ့ပြား၏ တစ်ဖက်ခြမ်းကပ်လျက် စက္ကူအဝိုင်းပြားတင်ကာ ဓားဖြင့် အဝိုင်းပုံလှီးဖြတ်ပြီး အောက်ခြေပြား ပြုလုပ်စေမည်။

စတုတ္ထ ၅ မိနစ်တွင် ရွှံ့ပြားအပိုခြမ်းကို ဒေါင်လိုက်တွဲစပ်ရန် အလျားလိုက်လှီးဖြတ်စေပြီး အောက်ခံရွှံ့ပြားအဝိုင်းပေါ်တွင် ဒေါင်လိုက်ပြားကို ခွေကာ ကပ်ပြီး ပိုသောရွှံ့ပြားကို ဖြတ်ထုတ်စေမည်။

ပဉ္စမ ၅ မိနစ်တွင် ကျန်သောရွှံ့အပိုင်းအစမှ ရွှံ့ချောင်းပုံစံဖြတ်ပြီး ခွက်တွင် ကိုင်းတပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြပါ။
၂။ ရွှံ့ဖြင့် ခွက်တစ်ခုကို ပြုလုပ်ပြပါ။

အုပ်စုလိုက် ဆွေးနွေးပြီး ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ရှင်းပြချက်များကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။ အုပ်စုလိုက်ရရှိသောအဆင့်သည် အုပ်စုတွင်းကျောင်းသားကျောင်းသူတစ်ဦးချင်းရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း
B- ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း
C- ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၂)၊ သင်ခန်းစာ(၃) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

လေ့ကျင့်ခြင်းမှရရှိသောကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ လက်ရာများကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

A- ရွှံ့ဖြင့် ခွက်တစ်ခွက်ကို အချောသပ် ပြုလုပ်နိုင်ခြင်း
B- ရွှံ့ဖြင့် ခွက်တစ်ခွက်ကို ပြုလုပ်နိုင်ခြင်း
C- ရွှံ့ဖြင့် ခွက်တစ်ခွက်ကို မပြုလုပ်နိုင်ခြင်း

(စစ်ဆေးပြီးသောလက်ရာများကို စာသင်ခန်းတွင်း တစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ရွှံ့ဖြင့် ခွက်ပြုလုပ်ခြင်းအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း
- ရွှံ့ဖြင့် ခွက်တစ်ခုကို ပြုလုပ်တတ်ခြင်း

DBE Box - Copyright Protected

## ၂-၄ စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်း

**သင်ခန်းစာရည်ရွယ်ချက်များ**

- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းကို ရှင်းပြတတ်ရန်
- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ပုံတစ်ပုံပေါ်ရန် ကပ်ပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ထိုင်စေပြီး အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် စက္ကူပြားပေါ်၌ ပုံဖော်ကပ်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ပြောပြီး ဆရာက နိဒါန်းပျိုးပါ။

စွန့်ပစ်ပစ္စည်းအပိုင်းအစဆိုသည်မှာ အဘယ်နည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ကျောင်းသားကျောင်းသူများဖြေကြားသောအချက်အလက်များကို မှတ်တမ်းတင်ပါ။

စွန့်ပစ်ပစ္စည်းအပိုင်းအစဆိုသည်မှာ အသုံးပြုပြီး စွန့်ပစ်ရမည်ဖြစ်သော ပလတ်စတစ်ဘူးများ၊ သတင်းစာစက္ကူများ၊ ခဲတံချွန်စများ၊ သစ်ရွက်၊ ပန်းခြောက်များ၊ ဥခွံများစသည်တို့ကို ဆိုလိုကြောင်းနှင့် ၎င်းစွန့်ပစ်ပစ္စည်းအပိုင်းအစတို့ကို မိမိပုံဖော်လိုသော ပုံတစ်ပုံပေါ်စေရန် ကော်ဖြင့် ကပ်ခြင်းဖြစ်ကြောင်း ဆရာက ရှင်းပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၄-၁) အောက်ခံစက္ကူပြားရွေးချယ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ကပ်မည့်အပိုင်းအစများသည် ရင့်သောအရောင်များဖြစ်လျှင် နုသောအရောင်သို့မဟုတ် အဖြူရောင်ရှိသည့် အောက်ခံစက္ကူပြားကို သုံးရပြီး ကပ်မည့်အပိုင်းအစများသည် နုသောအရောင်များဖြစ်လျှင် ရင့်သောအရောင် သို့မဟုတ် အနက်ရောင်ရှိသည့် အောက်ခံစက္ကူပြားကို သုံးရကြောင်း ရှင်းပြပါ။

### (၂-၄-၂) ကပ်မည့်အပိုင်းအစများ စုဆောင်းခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၂)ကိုပြပြီးကပ်မည့်စက္ကူအပိုင်းအစများကို ရောင်စုံစက္ကူ၊ သတင်းစာစက္ကူ၊ ကောက်ရိုး၊ ပန်းပွင့်၊ သစ်ရွက်၊ သစ်စေ့၊ ကြက်ဥခွံ၊ ဘဲဥခွံ၊ အဝတ်စရောင်စုံ၊ ဝါဂွမ်း၊ ခဲတံချွန်စ၊ သဲ၊ ကြယ်သီး စသည်ဖြင့်စုဆောင်း ရကြောင်း ပြောပြပါ။

### (၂-၄-၃) အပိုင်းအစများ ကပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး မိမိလိုသောပုံကြမ်းကို ခဲဖြင့် ပုံဖော်ရေးဆွဲပြီး အပိုင်းအစများကို လိုသလို ဖြတ်တောက်၍ ကပ်နိုင်သည်။စက္ကူကို ကပ်ရာတွင် ကတ်ကြေးဖြင့် တိကျစွာညှပ်၍သော်လည်းကောင်း၊ လက်ဖြင့် ဖြဲ၍သော်လည်းကောင်း ကော်ဖြင့် ပုံဖော်ကပ်နိုင်ကြောင်း ရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကို ပြပြီး ဝါဂွမ်းသုံးလျှင် အောက်ခံပြားပေါ်တွင် အရင်ကော်သုတ်ပြီးမှကပ်ရသည်။ ကောက်ရိုးလုံးဆိုလျှင်ရင်ခွဲပြီး ရသည့်ကောက်ရိုးပြားကို ပြားစေရန်စာအုပ်ကြားတွင် ရက်အနည်းငယ်ထားပြီးမှအသုံးပြုရသည်။ ဥခွံဆိုလျှင် အနည်းငယ်ထုပြီး ကြေသွားမှ အတွင်းအမြှေးပါးခွာ၍ အပေါ်ခွံကို ကပ်ရသည်တို့ကို ရှင်းပြပါ။ (ထိုကဲ့သို့ ရှင်းပြရာတွင် ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသောပစ္စည်းများသာမက မိမိလွယ်ကူစွာ ရှာဖွေနိုင်ခဲ့သော စွန့်ပစ်ပစ္စည်းများဖြင့်သာ အသုံးပြုပြီး ပြောင်းလဲ ရှင်းပြနိုင်သည်။)



DRE Box - Copyright Protected

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားကျောင်းသူတစ်ဦးလျှင် အောက်ခံစက္ကူပြားတစ်ချပ်၊ A4 စာရွက်တစ်ဝက်၊ ကတ်ကြေးတစ်လက်၊ ကော်တစ်ထုပ်နှင့် စုဆောင်းထားသောစွန့်ပစ်ပစ္စည်းများထဲမှ အောက်ခံစက္ကူပြားအရောင်နှင့် ကိုက်ညီသောစွန့်ပစ်ပစ္စည်းအမျိုးအစားစုံအောင် ခွဲဝေပေးပါ။

ပထမ ၅ မိနစ်တွင် ပုံဖော်လိုသည့်ပုံကို စိတ်ကူးစေပြီး ခဲဖြင့် ပုံကြမ်းရေးဆွဲစေမည်။

ဒုတိယ ၁၀ မိနစ်တွင် စွန့်ပစ်ပစ္စည်းများကို ပုံကြမ်းနှင့် ကိုက်ညီအောင် ကတ်ကြေးဖြင့်သော်လည်းကောင်း၊ လက်ဖြင့်ဖြဲ၍သော်လည်းကောင်း ပုံဖော်စေမည်။

တတိယ ၅ မိနစ်တွင် ကော်ဖြင့် ကပ်စေမည်။

စတုတ္ထ ၅ မိနစ်တွင် A4 စာရွက်တစ်ဝက်ပေါ်တွင် ကျောင်းသားကျောင်းသူအမည်၊ အတန်းတို့ကို ရေးစေပြီး စွန့်ပစ်ပစ္စည်းများဖြင့် ကပ်ခြင်းအဆင့်ဆင့်ကို ရေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းကို ရှင်းပြပါ။
၂။ စွန့်ပစ်ပစ္စည်းများအပိုင်းအစများဖြင့် ပုံတစ်ပုံကို ပုံဖော်ကပ်ပြပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှ ရရှိသောကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းအကြောင်းရှင်းပြချက်ကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

A- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းအကြောင်း ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း
B- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းအကြောင်း ရှင်းပြနိုင်ခြင်း
C- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းအကြောင်း မရှင်းပြနိုင်ခြင်း

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသောကျောင်းသားကျောင်းသူတစ်ဦးချင်းစီ၏ စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းလက်ရာများကို ဆရာက အောက်ပါအတိုင်းစစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

A- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ပုံတစ်ပုံကို လှပသေသပ်စွာ ပုံဖော်ကပ်ပြနိုင်ခြင်း
B- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ပုံတစ်ပုံကို ပုံဖော်ကပ်ပြနိုင်ခြင်း
C- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ပုံတစ်ပုံကို ပုံဖော်ပြီး မကပ်ပြနိုင်ခြင်း

(စစ်ဆေးပြီးသော ရှင်းပြချက်စာရွက်များကို အခန်း(၂)၊ သင်ခန်းစာ(၄)၊ ပန်းချီဖိုင်တွဲတွင် သိမ်းဆည်း၍ စစ်ဆေးပြီးလက်ရာများကို စာသင်ခန်းတွင်း တစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ကပ်ခြင်းကို ရှင်းပြတတ်ခြင်း
- စွန့်ပစ်ပစ္စည်းအပိုင်းအစများဖြင့် ပုံတစ်ပုံပေါ်ရန် ကပ်ပြတတ်ခြင်း

DRE Box Copyright Protected

## ၂-၅ စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဍာန်ဖော်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဍာန်ဖော်ခြင်းအကြောင်း ရှင်းပြတတ်ရန်
- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဍာန်ဖော်တတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ထိုင်စေပြီး အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဍာန်ဖော်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်းပြောပြီး ဆရာက နိဒါန်းပျိုးပါ။

စက္ကူကို မည်သည့်ပုံ ချိုးခေါက်ပုံဖော်ဖူးသလဲဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ကျောင်းသားကျောင်းသူများဖြေကြားသောအချက်အလက်များကို မှတ်တမ်းတင်ပါ။

ထိုကဲ့သို့ချိုးခေါက်ရာတွင် စက္ကူကို မဖြတ်တောက်ဘဲချိုးခေါက်ခြင်းနှင့် ဖြတ်တောက်ချိုးခေါက်ခြင်းဟူ၍ ၂ မျိုးရှိပြီး ယခုသင်ခန်းစာတွင် မဖြတ်တောက်ဘဲချိုးခေါက်နည်းမှ ဦးထုပ်တစ်လုံးပုံ ချိုးခေါက်ခြင်းကို နမူနာအနေဖြင့် သင်ကြားမည် ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၅-၁) မဖြတ်တောက်ဘဲ ချိုးခေါက်ခြင်း

ကျောင်းသုံးစာအုပ်ပါပုံ(၁)ကိုပြပြီး အနားလေးဘက်ညီသောစာရွက်တစ်ရွက်ကို ထောင့်ဖြတ်နှင့် အလျားလိုက်ချိုးခေါက်ကာ အရာပေးရမည်ဖြစ်ကြောင်း လက်တွေ့ပြုလုပ်ပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၂)အတိုင်း မျက်နှာချင်းဆိုင်ထောင့်ဖြတ်အရာ ၂ ခုကို အတွင်းသို့ခွက်စေပြီး ကျန်မျက်နှာချင်းဆိုင်ထောင့်ဖြတ်အရာ ၂ ခုကို အပြင်သို့ခေါက်ရိုးထုတ်လျှင် ကျောင်းသုံးစာအုပ်ပါပုံ(၃)အတိုင်းပုံပေါ်လာကြောင်း လက်တွေ့ခေါက်ပြမည်။

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)တွင် မြင်ရသောဘက်ကို ကျောင်းသုံးစာအုပ်ပါပုံ(၄)ကဲ့သို့ အပေါ်သို့ ခေါက်ပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကဲ့သို့ ကျန်မျက်နှာစာ ၃ ဖက်မှ ၂ ဖက်ကို အပေါ်သို့အသီးသီးခေါက်လျှင် ကျောင်းသုံးစာအုပ်ပါပုံ(၅)ကဲ့သို့ ပုံပေါ်လာပုံကို ရှင်းပြပါ။

ထို့နောက် ကျောင်းသုံးစာအုပ်ပါ ပုံ(၅)ကဲ့သို့ မခေါက်ရသေးသောမျက်နှာစာကို လှန်လိုက်လျှင် ကျောင်းသုံးစာအုပ်ပါပုံ(၆)မျက်နှာစာကဲ့သို့ မြင်ရမည်ဖြစ်ကြောင်းလက်တွေ့ခေါက်ပြရင်း ရှင်းပြပါ။

အောက်ဘက်စိုက်နေသောစက္ကူအစွန်းကို အလယ်အထိမရောက်စေဘဲ ခေါက်တင်လျှင် ကျောင်းသုံးစာအုပ်ပါပုံ(၇)မျက်နှာစာပုံစံ ပေါ်လာကြောင်း တစ်တန်းလုံးမြင်သာအောင်ပြပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၇)ပုံအတိုင်း မျက်နှာစာလက်ဝဲနှင့် လက်ယာအစွန်းများကို ထိရုံမဟုတ်ဘဲ အနည်းငယ်ကျော်ကာခေါက်ပြပါ။ ကျောင်းသုံးစာအုပ်ပါ ပုံ(၈)ကဲ့သို့ဖြစ်လာကြောင်း မြင်သာအောင်ပြပါ။

အောက်ဖက်သို့ စိုက်နေသောစတုဂံပုံကို ကျောင်းသုံးစာအုပ်ပါပုံ(၉) အတိုင်း ထက်ဝက်ခေါက်တင်ပြပါ။ ကျောင်းသုံးစာအုပ်ပါပုံ(၁၀)အတိုင်း မြင်ရကြောင်း ပြသပါ။

ကျောင်းသုံးစာအုပ်ပါပုံ(၁၀)မျက်နှာစာကို နောက်ကျောလှန်လိုက်လျှင် ကျောင်းသုံးစာအုပ်ပါပုံ(၁၁)အတိုင်းမြင်ရပြီး လက်ဝဲလက်ယာအစွန်းများကို ထိရုံမဟုတ်ဘဲအနည်းငယ်ကျော်ကာ ခေါက်ပြလျှင် ကျောင်းသုံးစာအုပ်ပါပုံ(၁၂)၏ ပုံအတိုင်း ပေါ်လာကြောင်း မြင်သာရန် ခေါက်ပြပါ။

DRE Box - Copyright Protected

ကျောင်းသုံးစာအုပ်ပါ ပုံ(၁၂)အတိုင်း အထက်ဘက်ထောင်နေသောစက္ကူစွန်းကို အတွင်းသို့ အစသိမ်း ခေါက်သွင်းပြပြီး လျှာအစွန်းဘက်မပါ ကျန်မျက်နှာစာ ၂ ဘက်စလုံးကိုလည်း အစသိမ်း ခေါက်သွင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၁၃)အတိုင်း ပြောင်းပြန်လှန်ပြီး အဝကို ဟဖြဲလိုက်လျှင် ကျောင်းသုံးစာအုပ်ပါ ပုံ(၁၄)ကဲ့သို့ ဦးထုပ်တစ်လုံးပုံပေါ်လာကြောင်း ရှင်းပြပါ။

လက်ဝဲလက်ယာအစွန်းခေါက်များကို ကော်ဖြင့် ကပ်ပါက ပိုခိုင်မြဲကြောင်းလည်း ထည့်သွင်းပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက ကျောင်းသားတစ်ဦးလျှင် အနားလေးဖက်ညီသည့် ဖြတ်ထားပြီးသော အဖြူရောင် သို့မဟုတ် အရောင်ပါသော စာရွက်တစ်ရွက်စီ ဝေပါ။

ပထမ ၅ မိနစ်တွင် သင်ကြားခဲ့သော ဦးထုပ်ပုံချိုးခေါက်ခြင်းအကြောင်း အုပ်စုအတွင်းဆွေးနွေးစေပြီး ကိုယ်စားလှယ်မှ ပြုလုပ်ပုံအဆင့်ဆင့်ကို ပြန်လည်ရှင်းပြစေမည်။

ကျန်သော ၂၀ မိနစ်တွင် ဆရာက ပေးထားသောစာရွက်ကို ထောင့်ဖြတ်နှင့် အလျားလိုက်ချိုးခေါက်ကာ အရာပေးသည့် အဆင့်မှ ဦးထုပ်တစ်လုံးဖြစ်လာသည့်အဆင့်အထိ ချိုးခေါက်ခြင်းကို တစ်ဆင့်စီ လမ်းညွှန်ကာ ပြုလုပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအကြောင်း ရှင်းပြပါ။
၂။ ဦးထုပ်တစ်လုံးပုံကို စက္ကူဖြင့် ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ပြပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

အုပ်စုလိုက် ဆွေးနွေးပြီး စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအဆင့်ဆင့် ရှင်းပြချက်များကို ဆရာက အောက်ပါအတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။ အုပ်စုလိုက်ရရှိသောအဆင့်သည် အုပ်စုတွင်းကျောင်းသားကျောင်းသူတစ်ဦးချင်း ရရှိသောအဆင့်နှင့် တူညီသည်။

A- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအကြောင်း ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း
B- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအကြောင်း ရှင်းပြနိုင်ခြင်း
C- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအကြောင်း မရှင်းပြနိုင်ခြင်း

(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၂)၊ သင်ခန်းစာ(၅) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူတစ်ဦးချင်း၏ လက်ရာများကို အောက်ပါအတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပေးမည်။

A- ဦးထုပ်တစ်လုံးပုံကို စက္ကူဖြင့် ချိုးခေါက်ပြီး သပ်ရပ်စွာ ပုံသဏ္ဌာန်ဖော်နိုင်ခြင်း
B- ဦးထုပ်တစ်လုံးပုံကို စက္ကူဖြင့် ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်နိုင်ခြင်း
C- ဦးထုပ်တစ်လုံးပုံကို စက္ကူဖြင့် ချိုးခေါက်ပြီး ပုံသဏ္ဌာန် မဖော်နိုင်ခြင်း

(လေ့ကျင့်ခြင်းမှ ရရှိသော ကျောင်းသားကျောင်းသူများ၏ လက်ရာများကို စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်ခြင်းအကြောင်း ရှင်းပြတတ်ခြင်း
- စက္ကူကို ချိုးခေါက်ပြီး ပုံသဏ္ဌာန်ဖော်တတ်ခြင်း

DBE Box Copyright Protected

## ၂-၆ စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ခြင်း

စာသင်ချိန် ၂ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ရန်
- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်တတ်ရန်

**စာသင်ချိန်(၁)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။

စက္ကူဖြင့် ထုထည်ပါသောအရုပ်များပြုလုပ်ဖူးသလားဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

မိုပုံထုထည်ပေါ်တွင် စက္ကူနှင့် ကော်သုံးပြီး အထပ်ထပ်ကပ်၍ ထုထည်ပုံဖော်ခြင်းဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

**(၂-၆-၁) လိုသောမိုထုထည်ပုံပြုလုပ်ခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ပစ်တိုင်းထောင်ရုပ်ပြုလုပ်ရန် လိုအပ်သောအရွယ် ကြက်ဥပုံမိုထုထည်တစ်ခုကို နွံ့ဖြင့် စတင်ပြုလုပ်ရကြောင်း ရှင်းပြပါ။

**(၂-၆-၂) စက္ကူကို မိုထုထည်ပုံပေါ် ကပ်ခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး ရေဇလုံအတွင်းတွင် သတင်းစာစက္ကူကို နှစ်၍ ရေဝလျှင် ရေကို အနည်းငယ်စစ်ရကြောင်း ရှင်းပြပါ။

ပြီးလျှင် သတင်းစာစက္ကူကို မိုပုံနှင့် သင့်လျော်သောအရွယ်ဖြပြီး မိုပုံတွင် ကော်မသုတ်ဘဲ ညီညာစွာ မိုထုထည်အပြည့် ကပ်ရကြောင်း ဆက်လက်ရှင်းပြပါ။

**(၂-၆-၃) စက္ကူများ ထပ်ကပ်ခြင်း**

ကျောင်းသုံးစာအုပ်ပါပုံ(၃)ကို ပြပြီး ပထမအထပ်ပေါ်တွင် ကော်ပါးပါးသုတ်ပြီး ဒုတိယအထပ် စက္ကူထပ်ကပ်ရကြောင်း ပြောပြပါ။ ၎င်းနည်းအတိုင်း စက္ကူထုထည်ပိုမိုထူလာစေရန် အထပ် ၅ ကြိမ် ထပ်ကပ်ရကြောင်းလည်း ရှင်းပြပါ။

**(၂-၆-၄) စက္ကူထုထည်တုံးကို ထက်ဝက်ပိုင်းခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၄)ကို ပြပြီး စက္ကူအထပ်ထပ်ကပ်ရာမှ ရရှိသော ကြက်ဥပုံစက္ကူထုထည်တုံးကို ထိပ်မှ ဓားဖြင့် အတွင်းမှ နွံ့အခြောက်တုံးကို မပျက်စီးစေဘဲ အပေါ်ယံထက်ဝက်ခွဲပြီး ပိုင်းရကြောင်း ရှင်းပြပါ။

**(၂-၆-၅) ပြန်တွဲဆက်ခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၅)ကို ပြ၍စက္ကူထုထည်တုံးထဲမှ နွံ့အခြောက်တုံးကို ထုတ်ပြီး ဖြက် ၁ လက်မရှိ စက္ကူစရှည်ဖြင့် တစ်ပတ်လည် ကော်သုတ်ပြီး ကပ်ကာ စက္ကူအစ မထွက်စေရန် တွဲဆက်ရကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက အုပ်စုတစ်စုလျှင် ကြက်ဥပုံနွံ့မိုထုထည် ၆ ခု၊ သတင်းစာ ၂ အုပ်၊ ကော်တစ်ထုပ်နှင့် ရေတစ်ဇလုံပေးပါ။

ပထမ ၁၀ မိနစ်တွင် ဆရာက သတင်းစာစက္ကူ ၂ ရွက်ပူး ၂တွဲ(၈-မျက်နှာ)ကို ရေဇလုံအတွင်း ရေစိမ်စေပြီး ရေဝလျှင် ရေအနည်းငယ်စစ်စေမည်။ ပြီးလျှင် ရေဆွတ်ထားသောသတင်းစာစက္ကူကို မိုထုထည်ပုံပေါ်တွင် ကော်မသုတ်ဘဲ သင့်လျော်သောအရွယ် အပိုင်းပိုင်းဖြပြီး မိုထုထည်ပုံပေါ်တွင် အပြည့်ကပ်စေမည်။

ဒုတိယ ၁၀ မိနစ်တွင် သတင်းစာစက္ကူအခြောက်ကို အပိုင်းအစများဖြကာ ပထမအထပ်ပေါ်တွင် ကော်ပါးပါးသုတ်ပြီး ဒုတိယအထပ် စက္ကူထပ် ကပ်စေမည်။ နောက် ၄ ထပ်ကိုလည်း ဆက်လက် ကပ်စေမည်။

တတိယ ၅ မိနစ်တွင် အုပ်စုအတွင်း ဆွေးနွေးပြီး စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို A4 စာရွက်တွင် ရေးစေမည်။



DBE Boy – Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြပါ။

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုတစ်စုချင်း၏ ရှင်းပြချက်များကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။ အုပ်စုမှရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း

B- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း

C- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၂)၊ သင်ခန်းစာ(၆) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်**

- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ်ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြတတ်ခြင်း

**စာသင်ချိန်(၂)**

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ပြီးခဲ့သောစာသင်ချိန်တွင် ပြုလုပ်ခဲ့သော စက္ကူဖြင့် ပစ်တိုင်းထောင်ပြုလုပ်ခြင်းသင်ခန်းစာကို ဆက်လက်သင်ကြားမည်ဟု ဆရာက ပြောပြပြီး စာသင်ချိန်(၁) အုပ်စုအတိုင်းထိုင်စေမည်။

**သင်ကြားခြင်း** ၅ မိနစ်

**(၂-၆-၆) အရောင်ခြယ်ပြီး ပုံဖော်ခြင်း**

ကျောင်းသုံးစာအုပ်ပါ ပုံ(၆)ကို ပြပြီး စက္ကူကပ်ထားသောထုထည်တုံးကို ဆေးအဖြူတစ်ထပ်သုတ်ပြီး နှစ်သက်ရာဆေးရောင်များခြယ်ခြင်းနှင့် ပုံဖော်ခြင်းများပြုလုပ်နိုင်ကြောင်း ပြောပြပါ။ ရွှေရောင်လိုပါက ရွှေရောင်စက္ကူကို လက်ဖြင့်ခြေပြီး ကော်ပါးပါးသုတ်ကာ ကပ်နိုင်ကြောင်းလည်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၃၀ မိနစ်

ဆရာက အုပ်စုတစ်စုလျှင် ကော်တစ်ထုပ်၊ ကတ်ကြေးတစ်လက်၊ ခဲတံချွန်ဓားတစ်ချောင်း၊ ရေဆေး အဝါ၊ အနီ၊ အပြာ အဖြူ တစ်ခွက်စီ၊ ဆော့ပင်အနက်တစ်ချောင်းနှင့် စုတ်ပြားတစ်ချောင်းပေးပါ။

ပထမ ၁၀ မိနစ်တွင် စက္ကူအထပ်ထပ်ကပ်ရာမှ ရရှိသော ကြက်ဥပုံစက္ကူထုထည်တုံးကို ထိပ်မှ ဓားဖြင့် အတွင်းမှ ရွှံ့အခြောက်တုံးကို မပျက်စီးစေဘဲ အပေါ်ယံထက်ဝက်ခွဲပြီး ပိုင်းစေပြီး ရွှံ့အခြောက်တုံးကို ထုတ်စေမည်။ ပြီးလျှင် ဖြက် ၁ လက်မရှိ စက္ကူစရှည်ဖြင့် တစ်ပတ်လည် ကော်သုတ်ပြီး ကပ်ကာ ပြန်လည်တွဲစပ်စေမည်။

ဒုတိယ ၅ မိနစ်တွင် ဆေးအဖြူတစ်ထပ်သုတ်ပြီး အခြောက်ခံစေမည်။

တတိယ ၁၅ မိနစ်တွင် နှစ်သက်ရာဆေးရောင်များခြယ်ခြင်းနှင့် ပုံဖော်ခြင်းများပြုလုပ်စေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၂။ စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်ပြပါ။

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသော လက်ရာများကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

A- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် သပ်ရပ်လှပစွာ ပြုလုပ်နိုင်ခြင်း

B- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်နိုင်ခြင်း

C- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် မပြုလုပ်နိုင်ခြင်း

(လေ့ကျင့်လက်ရာများကို အခန်း(၂)၊ သင်ခန်းစာ(၆)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်**

- စက္ကူဖြင့် ပစ်တိုင်းထောင်ရုပ် ပြုလုပ်တတ်ခြင်း

DBE-Box-Copyright-Protected

## ၂-၇ ရေသန့်ဘူးခွံဖြင့် အသုံးအဆောင်ပစ္စည်းများပြုလုပ်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံကို ပြောပြတတ်ရန်
- ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခု ပြုလုပ်တတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ရေသန့်ဘူးခွံဖြင့် အသုံးအဆောင်ပစ္စည်းများပြုလုပ်ခြင်းကို သင်ကြားရမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။

ရေသန့်ဘူးခွံကို ရေထည့်ရန်အပြင် မည်သည့်နေရာတွေမှာ သုံးဖူးသလဲဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ကျောင်းသားကျောင်းသူများ၏ ရေသန့်ဘူးခွံပြန်လည်အသုံးပြုပုံဖြေကြားမှုများမှ ထူးခြားချက်များကို မှတ်တမ်းတင်ပါ။

ရေသန့်ဘူးခွံဖြင့်အသုံးအဆောင်ပစ္စည်းများပြုလုပ်ခြင်းများအနက် သစ်သီးခူး တံချူတံပြုလုပ်ခြင်းကို သင်ကြားမည်ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၇-၁) ဖြတ်တောက်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး အဖုံးပါ ရေသန့်ဘူးခွံတစ်ခုကို အသုံးပြုရကြောင်း ပြောပြပါ။

၄င်းရေသန့်ဘူးခွံအပေါ်တွင် ကျောင်းသုံးစာအုပ်ပါ ပုံ(၂)အတိုင်းအရာပေးရမည်ဖြစ်ကြောင်း လက်တွေ့လျှာထားပြကာ ရှင်းပြပါ။

ပြီးနောက် ကျောင်းသုံးစာအုပ်ပါ ပုံ(၃)အတိုင်း ဓားကို အရာအမှတ်ပေါ် ထိုးသွင်းပြီးနောက် ကျောင်းသုံးစာအုပ်ပါ ပုံ(၄)အတိုင်း တစ်ပတ်လည် ဖြတ်တောက်ဖောက်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၅)ကို ပြပြီး ဘူးခွံအဖုံးကိုလည်း တံချူတံတုတ်အလုံး ထိုးသွင်းနိုင်ရန် အပေါက်ဖောက်ရမည် ဖြစ်ကြောင်း ပြောပြပါ။

### (၂-၇-၂) တွဲဆက်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၆)ကို ပြပြီး အဖုံးတွင် တုတ်တံကို ဖောက်စွပ်ပြီး သံချောင်းဖြင့် ကန့်လန့်ရိုက်ရပုံကို ရှင်းပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၇)ကို ပြပြီး ဘူးခွံကိုယ်တွင် အဖုံးကို ရစ်ပိတ်လိုက်ပါက သစ်သီးခူး တံချူတံရရှိကြောင်း ပြောပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၈)သရက်ပင်မှ သရက်သီးခူးနေပုံ နမူနာကို ပြသပြီး မည်သို့ခူးရကြောင်းကိုလည်း ရှင်းလင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက အုပ်စုတစ်စုလျှင် အဖုံးပါသောရေသန့်ဘူးခွံတစ်ဘူး၊ ခဲတံချွန်ဓားတစ်ချောင်း၊ ဝါးချောင်း သို့မဟုတ် အခြား အသားဖြင့် ပြုလုပ်ထားသောတုတ်ချောင်းတစ်ချောင်း၊ တူငယ်တစ်လက်၊ ဆော့ပင်တစ်ချောင်းနှင့် ၁ လက်မအရှည်ရှိ အိမ်ရိုက် သံတစ်ချောင်းစီကို ခွဲဝေပေးပါ။

ပထမ ၅ မိနစ်တွင် ဘူးခွံ၌ အရာပေးပြီး ဖြတ်တောက်ဖောက်စေမည်။

ဓားကို အသုံးပြုရာတွင် ထိခိုက်မှုမရှိစေရန် ဆရာက အတန်းတွင်း လှည့်လည်ကြည့်ရှုရင်း သတိပေးပါ။

DBE Box - Copyright Protected

ဒုတိယ ၅ မိနစ်တွင် ဘူးခွံအဖုံး၌ အပေါက်ဖောက်ပြီး တုတ်ချောင်းကို ထိုးသွင်းစေမည်။

တတိယ ၅ မိနစ်တွင် တူငယ်ဖြင့် ၁ လက်မအရှည်ရှိ အိမ်ရိုက်သံကို ကန့်လန့်ရိုက်သွင်းစေ၍ အဖုံးကို ရစ်ပိတ်စေမည်။

အရင်ဆုံးပြီးသောအုပ်စုကိုယ်စားလှယ်က အတန်းရှေ့ထွက်ပြီး ပြုလုပ်ပြီးစီးသော သစ်သီးခူး တံချူတံကိုင်၍ ရပ်စေမည်။

ကျန်သောအုပ်စုများကလည်း လုပ်ငန်းပြီးဆုံးမှုအစဉ်လိုက် အတန်းရှေ့ထွက်ကာ သစ်သီးခူး တံချူတံကိုင်ပြီး ရပ်စေမည်။

အတန်းရှေ့တွင် အုပ်စုကိုယ်စားလှယ်များစုံပါက တစ်တန်းလုံးက အားပေးလက်ခုပ်တီးစေမည်။

စတုတ္ထ ၁၀ မိနစ်တွင် အုပ်စုအသီးသီး၏ ကိုယ်စားလှယ်များက သစ်သီးခူး တံချူတံပြုလုပ်ပုံအဆင့်ဆင့်ကို ပြောပြစေမည်။

အတန်းရှေ့ထွက်ပြောသောကျောင်းသားကျောင်းသူအုပ်စုကိုယ်စားလှယ်များအား ကျန်သူများက တစ်ဦးပြီးလျှင် တစ်ခါ လက်ခုပ်တီး၍ အားပေးစေမည်။

အားလုံးပြီးလျှင် ဆရာကလည်း ချီးမွမ်းပြီး အားပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း**　　５ မိနစ်

၁။ ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံကို ပြောပြပါ။
၂။ ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခု ပြုလုပ်ပြပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုတစ်စုချင်း၏ ရှင်းပြချက်များကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။ အုပ်စုမှရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

A- ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံအဆင့်ဆင့်ကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း
B- ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း
C- ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံအဆင့်ဆင့်ကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၂)၊ သင်ခန်းစာ(၇) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသော လက်ရာများကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။

A- ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခုကို သပ်ရပ်စွာ ပြုလုပ်ပြနိုင်ခြင်း
B- ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခုကို ပြုလုပ်ပြနိုင်ခြင်း
C- ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခုကို ပြုလုပ် မပြနိုင်ခြင်း

(လေ့ကျင့်လက်ရာများကို အခန်း(၂)၊ သင်ခန်းစာ(၇)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ရေသန့်ဘူးခွံဖြင့် သစ်သီးခူး တံချူတံပြုလုပ်ပုံကို ပြောပြတတ်ခြင်း
- ရေသန့်ဘူးခွံ သို့မဟုတ် ပလတ်စတစ်ဘူးခွံဖြင့် သစ်သီးခူး တံချူတံတစ်ခု ပြုလုပ်တတ်ခြင်း

DBE Box - Copyright Protected

## ၂-၈ အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ခြင်း

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံကို ရှင်းပြတတ်ရန်
- အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ပြုလုပ်တတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ကာ အသုံးအဆောင်ပြုလုပ်ခြင်းကို **သင်ကြားရမည်ဖြစ်ကြောင်း** ဆရာက နိဒါန်းပျိုးပါ။

အအေးပိုက်ချောင်းကလေးများကို အခြားအသုံးအဆောင်များပြုလုပ်ထားခြင်းကို မြင်ဖူးသလားဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးစေပြီး အုပ်စုကိုယ်စားလှယ်များက ဖြေကြားမည်။

ကျောင်းသားကျောင်းသူများ၏ အအေးပိုက်ချောင်းကလေးများကို အခြားအသုံးအဆောင်များပြောင်းလဲပြုလုပ်ထားခြင်း မြင်တွေ့ခဲ့ဖူးကြောင်း ဖြေကြားမှုများမှ ထူးခြားချက်များကို မှတ်တမ်းတင်ပါ။

အအေးပိုက်ချောင်းကလေးများကို ထိပ်ချွန်ခြင်း၊ အပိုင်းတိုများဖြတ်ခြင်း၊ ကွင်းများဖြတ်ခြင်း၊ ပိုက်ချောင်းကို ခွဲခြင်း၊ စိတ်မြွာခြင်းများပြုလုပ်နိုင်ပြီး ခေါက်ခြင်း၊ လိမ်ခြင်း၊ ပိုက်အဝဆက်ခြင်းများဖြင့်လည်း ပုံဖော်ပြုလုပ်နိုင်ကြောင်း အသိပေးရှင်းပြပါ။

အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ခြင်းများစွာရှိသည့်အနက် လက်ကောက်ရောင်စုံကွင်းများ ပြုလုပ်ခြင်းကို နမူနာအနေဖြင့် သင်ကြားမည်ဖြစ်ကြောင်း ပြောပြပါ။

**သင်ကြားခြင်း** ၁၀ မိနစ်

### (၂-၅-၁) လက်ကောက်ရောင်စုံကွင်းများ ပြုလုပ်ခြင်း

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)အတိုင်း ဆရာက အအေးပိုက်ချောင်းအလတ်စားတစ်ခုကို ခဲတံချွန်စက်ဖြင့် ထိပ်ဖျားစကို ဂရုစိုက်ပြီး လှည့်သွင်း၍ ခဲတံချွန်သကဲ့သို့ ဖြေးဖြေးတိုးကာ ရစ်လှည့်ပြပါ။

ထိုသို့ ရစ်လှည့်ရာတွင် ထွက်လာသောပိုက်ခွေများကို အရွယ်အစားညီသော အပြားများဖြစ်စေရန် သတိပြုပြီး လှည့်ရကြောင်း လက်တွေ့ပြုလုပ်ပြရင်း ပြောပြပါ။

ရသောပိုက်ချောင်းခွေကို ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ပါအတိုင်း ထိပ်အစွန်း ၂ ဖက်မှ အနည်းငယ်ခွာလျက် ယှက်ပြီး သေသပ်စွာ အစွန်းပျောက်သွားအောင် ဆက်ရကြောင်း လက်တွေ့ပြုလုပ်ပြရင်း ရှင်းပြပါ။

ထိုအခါ လိုအပ်သော အရောင်ပါသည့် အအေးပိုက်ချောင်း လက်ကောက်ကွင်းတစ်ခုကို ရရှိကြောင်း အတန်းသို့ပြပါ။

အရောင်မတူသောအအေးပိုက်ချောင်းများကို အသုံးပြုကာ ၄င်းအဆင့်အတိုင်းပြုလုပ်ပါက ကျောင်းသုံးစာအုပ်ပါ ပုံ(၅)ကဲ့သို့ ရောင်စုံလက်ကောက်ကွင်းများရရှိမည်ဖြစ်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** ၂၅ မိနစ်

ဆရာက အုပ်စုတစ်စုလျှင် အရောင်မတူသောအအေးပိုက်ချောင်း ၆ ချောင်းနှင့် ခဲတံချွန်စက် ၆ ခုစီကို ခွဲဝေပေးပါ။

ကျောင်းသားကျောင်းသူတစ်ဦးလျှင် အအေးပိုက်ချောင်းတစ်ချောင်းနှင့် ခဲတံချွန်စက် တစ်ခုစီကို အုပ်စုတွင်း ပြန်လည်ခွဲဝေစေမည်။



DBE BOX - Copyright Protected

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)အတိုင်း အအေးပိုက်ချောင်းကို ခဲတံချွန်စက်ဖြင့် ထိပ်ဖျားစကို ဂရုစိုက်ပြီး လှည့်သွင်း၍ ခဲတံချွန်သကဲ့သို့ ရှေ့သို့တဖြည်းဖြည်းတိုးကာ ကျောင်းသားကျောင်းသူများကို ရစ်လှည့်စေမည်။

ထိုသို့ ရစ်လှည့်ရာတွင် ထွက်လာသောပိုက်ခွေများသည် အရွယ်အစားညီသော အပြားများမဖြစ်ဘဲ ပြတ်ထွက်ခြင်းနှင့် ဖြက်မညီညာသောအပြားဖြစ်ခြင်းများ မဖြစ်စေရန် ဆရာက သတိပေးရင်း လှည့်လည်ကြီးကြပ်ပါ။

ရသောပိုက်ချောင်းခွေကို ကျောင်းသုံးစာအုပ်ပါ ပုံ(၃)အတိုင်း ထိပ်အစွန်း ၂ ဖက်မှ အနည်းငယ်ခွာလျက် ယှက်ပြီး သေသပ်စွာ အစွန်းပျောက်သွားအောင် ဆက်စေမည်။

ပြီးသွားသော အုပ်စုတွင်း ကျောင်းသားကျောင်းသူများက အုပ်စုကိုယ်စားလှယ်၏ ညာလက်တွင် ၎င်းတို့လက်ရာ ရောင်စုံလက်ကောက်ကွင်းကို တစ်ကွင်းချင်းစွပ်ပေးကြပြီး ၆ ကွင်းပြည့်သည်နှင့် အုပ်စုကိုယ်စားလှယ်က အတန်းရှေ့တွင် ညာလက်ကိုထောင်ပြီး ပြီးစီးကြောင်း ပြသမည်။

ကျန်သောအုပ်စုများကလည်း ပြီးစီးသည်နှင့် အတန်းရှေ့တွင် အစဉ်လိုက်ရပ်ကာ မိမိတို့အုပ်စုလက်ရာများကို အတန်းသို့ မြင်အောင် ပြစေမည်။

အတန်းရှေ့တွင် အုပ်စုကိုယ်စားလှယ်များစုံပါက တစ်တန်းလုံးက အားပေးလက်ခုပ်တီးစေမည်။

ပြီးနောက် အုပ်စုကိုယ်စားလှယ်များက မိမိတို့သည် ရောင်စုံလက်ကောက်ကွင်းဖြစ်ရန် မည်ကဲ့သို့ ကြိုးစား ပြုလုပ်ခဲ့ရကြောင်း ရှင်းပြသည်ကို နားထောင်ပါ။

အားလုံးပြီးလျှင် ဆရာက ချီးမွမ်းပြီး အားပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံကို ရှင်းပြပါ။

၂။ အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပြပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသော အုပ်စုတစ်စုချင်း၏ ရှင်းပြချက်များကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။ အုပ်စုမှရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

A- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံအဆင့်ဆင့်ကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း

B- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းပြနိုင်ခြင်း

C- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံအဆင့်ဆင့်ကို မရှင်းပြနိုင်ခြင်း

(စစ်ဆေးထားသောအဆင့်မှတ်တမ်းကို အခန်း(၂)၊ သင်ခန်းစာ(၈) ပန်းချီဖိုင်တွဲတွင် ထည့်သွင်းသိမ်းဆည်းပါ။)

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

လေ့ကျင့်ခြင်းမှရရှိသော လက်ရာများကို ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပါ။ အုပ်စုမှရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီရရှိသောအဆင့်နှင့် တူညီသည်။

A- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများ သေသပ်လှပစွာ ပြုလုပ်ပြနိုင်ခြင်း

B- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများ ပြုလုပ်ပြနိုင်ခြင်း

C- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများ ပြုလုပ် မပြနိုင်ခြင်း

(လေ့ကျင့်လက်ရာများကို အခန်း(၂)၊ သင်ခန်းစာ(၈)အမည်တပ်ပြီး စာသင်ခန်းတစ်နေရာတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**


- အအေးပိုက်ချောင်းကလေးများဖြင့် ရောင်စုံလက်ကောက်ကွင်းများပြုလုပ်ပုံကို ရှင်းပြတတ်ခြင်း
- အအေးပိုက်ချောင်းကလေးများဖြင့် ပုံဖော်ပြုလုပ်တတ်ခြင်း

DBE Box – Copyright Protected

**သတိပြုရန်အချက်များ**

တူ၊ ကတ်ကြေး၊ ဓား၊ ဝါးချောင်း၊ အိမ်ရိုက်သံ၊ အအေးပိုက်ချောင်းများကို အသုံးပြုသင်ကြားရသည့် လက်မှုပညာ သင်ခန်းစာများသင်ကြားရာတွင် ကျောင်းသားကျောင်းသူများ အန္တရာယ်မဖြစ်စေရေးအတွက် ဆရာက အထူးကြပ်မတ်သတိပြုရမည်ဖြစ်သည်။

**အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း**




DBE Box – Copyright Protected

# အခန်း(၃)
# ရသခံစားတန်ဖိုးထားမှု

စုစုပေါင်းစာသင်ချိန် ၂ ချိန်၊ တစ်ချိန်(၄၅)မိနစ်

## သင်ယူမှုရလဒ်များ

အခန်း(၃) သင်ပြီးသောအခါ အနုပညာရသခံစားတတ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးထားထိန်းသိမ်းလိုစိတ်ရရှိမည်။ မိမိယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ နိုင်ငံတိုင်းရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း တန်ဖိုးထားထိန်းသိမ်းရန်လိုကြောင်းအသိရစေမည့်အပြင် ထိန်းသိမ်းကာကွယ်ဆောင်ရွက်တတ်သောသဘောထားလုပ်ဆောင်မှုများသို့ ပြောင်းလဲစေမည်။

မြန်မာနိုင်ငံတွင်းနှင့် ကမ္ဘာ့နိုင်ငံများရှိ ပြန်လည်ရှာဖွေဖော်ထုတ်ထားသောအနုပညာလက်ရာများသာမက ပျောက်ကွယ်နေသော အနုပညာလက်ရာများကို ဖော်ထုတ်ရှာဖွေလိုစိတ်ဖြစ်ပေါ်မည်။ ရရှိလာသောဗဟုသုတအချက်အလက်များပေါ်တွင် အခြေခံပြီး သမိုင်းအချက်အလက်များအား ခိုင်မာစေမည်။ ဒေသန္တရဗဟုသုတကို ရှာမှီးတတ်သောအလေ့အကျင့်ကို ဖြစ်ပေါ်စေပြီး ကိုယ်စိတ် ၂ ပိုင်းစလုံး ကြံ့ခိုင်စေသောခက်ခဲသည့်ခရီးစဉ်များကို စွန့်စားသွားလိုမည်။ သွားလာဆက်သွယ်ဆောင်ရွက်လိုသောအလေ့အကျင့်များမှ ပူးပေါင်းဆောင်ရွက်လိုသောအလေ့အကျင့်များ ပိုမိုရရှိမည်။

ကျောက်ခေတ်မှ ယနေ့ခေတ်အထိ တိုးတက်လာသောဖြစ်ရပ်တို့ကို နှိုင်းယှဉ်ပြီး ထင်မြင်ချက်များပေးနိုင်ခြင်းကြောင့် ခွဲခြမ်းစိတ်ဖြာတတ်သော အလေ့အကျင့်နှင့် တန်ဖိုးဖြတ်နိုင်သောစရိုက်လက္ခဏာများ ပိုမိုဖြစ်ထွန်းမည်။ လက်တွေ့ကျကျတွေးခေါ်ခြင်းကို ရင့်သန်စေပြီး တီထွင်ဖန်တီးလိုသောသဘောထားများ ပွားများစေမှုတို့ကိုလည်း ဖြစ်ပေါ်စေမည်။

## သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း

A4 စက္ကူ၊ မြန်မာနိုင်ငံမြေပုံ၊ ကမ္ဘာ့နိုင်ငံများပြမြေပုံနှင့် ကျောင်းသုံးစာအုပ်၊ အခန်း ၃-၁ နှင့် ၃-၂ သင်ခန်းစာပါပုံများကို ချဲ့ထားသောသင်ထောက်ကူကားချပ်များနှင့် ဖိုင် ၂ ခုကို ပြင်ဆင်ထားရှိမည်။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများကို လေ့လာရာတွင် သိရုံမျှသာမက ပန်းချီများတွင် မြင်တွေ့ရသည့် ကောက်ကြောင်းများ၊ အရောင်အသွေးများ၊ ဖြစ်ရပ်နောက်ခံများနှင့် ခံစားမှုများကို မိမိသိရှိထားသောမျက်မှောက်အချက်အလက်များအပေါ် မှီတင်းလျက် နှိုင်းယှဉ်နိုင်ခြင်း၊ အကဲဖြတ်ခြင်း၊ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းများပြုလုပ်နိုင်လာမည်။

ပန်းချီကားများအပေါ် လေ့လာအကဲဖြတ်ရာတွင် မိမိအသိတစ်ခုတည်းဖြင့် မဟုတ်ဘဲ ပူးပေါင်းပြီး အုပ်စုလိုက်ဆောင်ရွက်သင်ယူရန် စီစဉ်ထားသဖြင့် အုပ်စုလိုက်ပူးပေါင်းဆောင်ရွက်တတ်သောအလေ့အကျင့်များကို စွဲမြဲခိုင်မာစေမည်။

နယ်ပယ်တစ်ခုအတွင်းသို့ ချဉ်းနင်းဝင်ရောက်ရာတွင် သိရှိတတ်မြောက်ပြီး သင်ခန်းစာများအပေါ်အခြေခံလျက် အခြားအချက်အလက်များကို သင်ယူရခြင်းကြောင့် အခြေခံအသိများမှ ဆက်သွယ်မှုလိုအပ်သည်။ ထို့ပြင် တစ်ဦး၏သိရှိမှုကို ညှိနှိုင်းဆောင်ရွက်တတ်မှုသည်လည်း ဆက်သွယ်လုပ်ကိုင်တတ်သောကျွမ်းကျင်မှုနှင့် ဆက်သွယ်လုပ်ကိုင်ရမည်ဆိုသော သဘောထားကို ဖြစ်ထွန်းစေသည်။

ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီအဆင့်အတန်းသည် ယခုမျက်မှောက်ခေတ်အရည်အသွေးထက် များစွာနိမ့်ကျခြင်းမရှိကြောင်း တွေ့မြင်ရမည်။ နည်းပညာနှင့် အသုံးပြုမှုများကွာခြားသော်လည်း အနုပညာလက်ရာများမှာ ကောင်းမွန်လှသည်။ ထို့ကြောင့် ပြောင်းလဲလာသောနည်းစနစ်များကို တီထွင်လိုသောစိတ်အပြင် ဖော်ပြလိုသောအနုပညာပုံသဏ္ဍာန်စိတ်ကူးများ တိုးတက်ဆန်းသစ်လိုသောအတွေးများကို ဖြစ်ပေါ်စေမည်။

နံရံဆေးရေးပန်းချီများသည် ရုပ်ပိုင်းဆိုင်ရာကို ကာကွယ်ထိန်းသိမ်းလိုမှုသာမက စိတ်ပိုင်းဆိုင်ရာ မြတ်နိုးတန်ဖိုးထားမှုကို ပါဖြစ်ပေါ်စေရာ နိုင်ငံသားကောင်းတစ်ဦးဖြစ်စေရန် တွန်းအားပေးမည်ဖြစ်ပေသည်။

DRE Box - Copyright Protected

## ၃-၁ ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီ

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

### သင်ခန်းစာရည်ရွယ်ချက်များ

- မြန်မာနိုင်ငံကျောက်ခေတ်နံရံဆေးရေးပန်းချီအကြောင်း ရှင်းပြတတ်ရန်
- မြန်မာနိုင်ငံကျောက်ခေတ်နံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုများကို ပြောပြတတ်ရန်

### နိဒါန်းပျိုးခြင်း

၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ပတ်သက်၍ သင်ကြားကြရမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။

ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီအကြောင်း အဘယ်ကြောင့်သင်ကြားသည်ဟု ထင်သလဲဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးကြပြီး အုပ်စု ကိုယ်စားလှယ်အသီးသီးက ဖြေကြားမည်။

ကျောက်ခေတ်ဂူနေလူသားများ၏ နေ့စဉ်ဘဝတွင် တွေ့ကြုံခဲ့ရသောအကြောင်းအရာများအပေါ် မှတ်တမ်းတင်ခြင်းနှင့် ခံစားရသောအခြေအနေများကို သိရှိပြီး ခံစားတတ်စေရန်အတွက် သင်ကြားရခြင်းဖြစ်ကြောင်း ရှင်းပြပါ။

ကျောက်ခေတ်ဂူနေလူတို့သည် ၎င်းတို့ကြုံတွေ့ခဲ့သောအကြောင်းအရာများကို ဂူနံရံများတွင် မြေကြီးကို အရည်ဖျော်ပြီး ရသောဆေးများဖြင့် ရေးဆွဲခဲ့ကြကြောင်း ရှင်းပြပါ။

မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သောနှစ်ပေါင်း ၇၀၀၀ ကျော်က ကျောက်ခေတ်သစ်အညာသားယဉ်ကျေးမှုအဖြစ် အထက် အညာပိုင်းဒေသများ၌ မြန်မာ့ဂူနံရံဆေးရေးပန်းချီများကို တွေ့ရှိနိုင်ကြောင်း ပြောပြပါ။

ပြီးလျှင် မြန်မာနိုင်ငံမြေပုံကို အတန်းရှေ့ကျောက်သင်ပုန်းပေါ်တွင် ချိတ်ဆွဲပြပါ။

### သင်ကြားခြင်း

၁၅ မိနစ်

### (၃-၁-၁) ပြဒါးလင်းဂူများ

မြန်မာနိုင်ငံမြေပုံကို ပြပြီး မြန်မာနိုင်ငံကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများကို လေ့လာနိုင်သောပြဒါးလင်းဂူများသည် ရှမ်းပြည်နယ်ဒေသကြီးတောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်တွင် ရှိကြောင်းပြောပြပါ။ ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြ၍ ရွာငံမြို့နယ်၏အနောက်ဘက် ၁၀ မိုင်ခန့်အကွာ မြောက်လတ္တီကျူ ၂၁° ၀၈ နှင့် အရှေ့လောင်ဂျီကျူ ၉၆° ၂၀ ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၁၀၀၀ ခန့်တွင် တည်ရှိကြောင်းပြောပြပါ။

ဂူအမှတ်(၁)သည် အလျား ၈၀ ပေ၊ အနံ ၂၀ ပေနှင့် အမြင့် ၁၄ ပေခန့်ရှိ၍ ဂူ ၉ လုံးတန်းစီ တည်နေသော ဂူတွဲ ဖြစ်ကြောင်းနှင့် ဂူအမှတ်(၂)သည် ပေ ၈၀၀ ရှည်လျားကြောင်း ပြောပြပါ။

ဂူများသည် တောင်ဘက်သို့ မျက်နှာမူထားပြီး တစ်ဂူနှင့် တစ်ဂူ ကိုက်၂၀၀ ကွာဝေးကြောင်း ပြောပြပါ။

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ကို ပြပြီး ၎င်းတို့သည် ထုံးကျောက်ဂူများဖြစ်ကြ၍ အဝင်ဝတွင် ပြဒါးရောင်လင်းနေသဖြင့် ပြဒါးလင်းဂူဟု ခေါ်ပြီး ပဒတ်သတ္တဝါ ခေါင်းထောင်နေသောပုံစံဖြစ်၍ ပဒတ်လိုဏ် ဟုလည်း ခေါ်ကြကြောင်းနှင့် ၎င်းဂူများကို ၁၉၆၁ ခုနှစ်တွင် စတင်တွေ့ရှိခဲ့ကြောင်းရှင်းပြပါ။



DBE Box – Copyright Protected

**(၃–၁–၂) တွေ့ရှိရသောပုံများ**

ကျောင်းသုံးစာအုပ်ပါ ပုံ(၃)ကို ပြပြီး ဂူ ၂ ဂူရှိသော်လည်း အရှေ့ဘက်ရှိ ဂူအမှတ်(၂)တွင်သာ မြေနီခဲဖြင့် ဆွဲထားသော ဂူနံရံဆေးရေးပန်းချီပုံပေါင်း ၁၄ ပုံ တွေ့ရှိရသည်။ ၎င်းပုံများမှာ

၁။ ဘယ်လက်ဝါးပုံ (၉ လက်မ× ၄ လက်မ) ၂။ ညာလက်ဝါးပုံ (၁၀ လက်မ× ၄ လက်မ) ၃။ ကင်းခြေများပုံ (၃ ပေ ၁ လက်မ× ၁ ပေ) ၄။ ပြောင်ပုံ ၅။ ဆင်၊ ဒရယ်ပုံများ ၆။ တောဝက်ပုံ (ပီပြင်မှုမရှိ) ၇။ နေထွက်လာသောပုံ (မထင်ရှားသော တောင်နံရံ ၂ ခုကြားမှ ဖြစ်သည်။) ၈။ နွားသားပုံ ၉။ နွားအမိပုံ (၈ လက်မ× ၁၂ လက်မ) ၁၀။ နွားသားအမိပုံ (ထုံးရေစီးမှုကြောင့် ခေါင်းပိုင်းသာ ထင်ရှားသည်။) ၁၁။ ပြောင်ပုံ (၈ လက်မ× ၁၂ လက်မ) ၁၂။ ရှူးပျံပုံ (ဆေးသားမှေးမှိန်နေသည်။) ၁၃။ အမည်မသိပုံ (တောင်ဆိတ် သို့မဟုတ် နွားယေပုံ ဖြစ်နိုင်သည်။) ၁၄။ အမည်မသိပုံ (ဆေးအစက်အပြောက်သာ တွေ့ရှိရသည်။)ဆိုသောအချက်များကို ရှင်းပြပါ။

ပြီးနောက် ၎င်းတို့ကို ဂူ၏ အလယ်နံရံတွင် မြေပြင်မှ ၁၀ ပေနှင့် ၁၂ ပေ အမြင့် များတွင် ရေးဆွဲထားခြင်းဖြစ်ကြောင်း ဆက်လက်ရှင်းပြပါ။

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက အုပ်စုတစ်စုလျှင် A4 စာရွက် ၂ ရွက်စီ ဝေပါ။ အဖွဲ့အုပ်စုအမည်ကို စာရွက်များတွင် ရေးစေမည်။

ပထမ ၁၀ မိနစ်တွင် ဆရာက အုပ်စုအလိုက် မြန်မာနိုင်ငံကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများအကြောင်း ဆွေးနွေးစေပြီး ပထမ A4 စာရွက်တွင် ရေးစေမည်။

ဒုတိယ ၁၀ မိနစ်တွင် မြန်မာနိုင်ငံကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများနှင့်ပတ်သက်သော ခံစားမိသည့်အချက်များကို အုပ်စုအတွင်း ဆွေးနွေးစေပြီး နောက် ဒုတိယ A4 စာရွက်တွင် ရေးစေမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီအကြောင်း ရှင်းပြပါ။
၂။ မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုများကို ပြောပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော အုပ်စုလိုက် ရေးထားသည့် စာရွက်များကို စု၍ ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။ အုပ်စုမှ ရသောအဆင့်သည် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီ ရရှိသောအဆင့်နှင့် တူညီသည်။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီအကြောင်း ရှင်းပြနိုင်ခြင်း
B- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီအကြောင်း အချို့ကို ရှင်းပြနိုင်ခြင်း
C- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီအကြောင်း မရှင်းပြနိုင်ခြင်း

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုများကို ပြောပြနိုင်ခြင်း
B- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုအချို့ကို ပြောပြနိုင်ခြင်း
C- မြန်မာနိုင်ငံ ကျောက်ခေတ်နံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုများကို မပြောပြနိုင်ခြင်း

(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၃)၊ သင်ခန်းစာ(၁) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- မြန်မာနိုင်ငံ ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီအကြောင်း ရှင်းပြတတ်ခြင်း
- မြန်မာနိုင်ငံ ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများနှင့် ပတ်သက်သောခံစားမှုများကို ပြောပြတတ်ခြင်း

DBE Box – Copyright Protected

## ၃–၂ ကျောက်ခေတ်ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီ

စာသင်ချိန် ၁ ချိန်၊ တစ်ချိန် ၄၅ မိနစ်

**သင်ခန်းစာရည်ရွယ်ချက်များ**

- ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ထင်မြင်ချက်ပေးတတ်ရန်
- ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီများကို နှိုင်းယှဉ်ပြတတ်ရန်

**နိဒါန်းပျိုးခြင်း** ၅ မိနစ်

ကျောင်းသားကျောင်းသူများကို တစ်အုပ်စုလျှင် ၆ ဦးနှုန်းဖြင့် အုပ်စုများဖွဲ့ပြီး မျက်နှာချင်းဆိုင်ထိုင်စေမည်။

အုပ်စုတစ်အုပ်စုစီ၏ ကိုယ်စားလှယ်တစ်ဦးစီကို ရွေးချယ်စေမည်။

ယခုသင်ခန်းစာတွင် ကျောက်ခေတ်ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီနှင့် ပတ်သက်၍ သင်ကြားကြရမည်ဖြစ်ကြောင်း ဆရာက နိဒါန်းပျိုးပါ။

ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများကို အခြားမည်သည့်ဒေသတွင် မြင်ဖူး ကြားဖူးသနည်းဟု မေးပါ။

ကျောင်းသားကျောင်းသူများက အုပ်စုအတွင်း ဆွေးနွေးကြပြီး အုပ်စု ကိုယ်စားလှယ်အသီးသီးက ဖြေကြားမည်။

ကျောင်းသားကျောင်းသူကိုယ်စားလှယ်များဖြေကြားသော အချက်များကို ဆရာက မှတ်တမ်းတင်မည်။

ကျောက်ခေတ် မြန်မာ့ဂူနံရံဆေးရေးပန်းချီများကဲ့သို့ပင် ကမ္ဘာတွင် ဂူနံရံဆေးရေးပန်းချီများရှိခဲ့ကြောင်း နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** ၁၅ မိနစ်

### (၃–၂–၁) တွေ့ရှိရသောနေရာများ

ကျောင်းသုံးစာအုပ်ပါ ပုံ(၁)ကို ပြပြီး ကျောက်ခေတ်လူသားအဆင့်ကို သမိုင်းအရ ၅ ဆင့် ခွဲထားကြောင်း ပြောပြပါ။

(ပုံအောက်ရှိ လွန်ခဲ့သောနှစ်ပေါင်း ကိန်းဂဏန်းများသည် ယခုခေတ်မှ အတိတ်သို့ ရေတွက်ပြထားခြင်းဖြစ်၍ ကိန်းဂဏန်းများလေလေ ယခုအချိန်နှင့် ပိုဝေးကွာလေလေဖြစ်သည်ကို သတိပြုပါ။ ၎င်းနှစ်အရေအတွက်များသည် လေ့လာရုံသာဖြစ်ပြီး ထည့်သွင်းသင်ကြားရန် မလိုပါ။)

ထိုကျောက်ခေတ်လူသားများသည် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်နှင့် ကျောက်ခေတ်နှောင်း(ကျောက်ခေတ်သစ်)များတွင် သက်တမ်းတစ်ခုပြီး တစ်ခု နေထိုင်ခဲ့ကြရင်း ဂူနံရံဆေးရေးပန်းချီများကို ဖန်တီးခဲ့ကြကြောင်း ပြောပြပါ။

အာဖရိက၊ အမေရိက၊ ဆိုဗီယက်ပြည်ထောင်စု၊ ဥရောပနိုင်ငံအသီးသီးနှင့် ဩစတေးလျစသော နိုင်ငံပေါင်း ၆၉ နိုင်ငံတွင် ထူးခြားသောကျောက်ခေတ်ပန်းချီများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရှင်းပြပါ။

တွေ့ရှိသောလက်ရာများတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀၀ ကျော်ခန့်မှ လက်ရာများလည်း ပါဝင်သည်။ အထင်အရှားတွေ့ရသော နေရာ ၂ ခုမှာ စပိန်ပြည်မြောက်ပိုင်း "ဩလ်တမိရ" ကျောက်ဂူနှင့် ပြင်သစ်ပြည်တောင်ပိုင်း ဒေါ်ဒွန်းချိုင့်ဝှမ်းဒေသရှိ "လာစကို" ကျောက်ဂူတို့ ဖြစ်ကြောင်း ပြောပြပြီး ကမ္ဘာ့မြေပုံဖြင့် ရှာဖွေရှင်းပြနိုင်ပါက တည်နေရာများဖြင့် ရှင်းပြပါ။

### (၃–၂–၂) ကမ္ဘာ့ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများ

ကျောင်းသုံးစာအုပ်ပါ ပုံ(၂)ရှိ ကမ္ဘာ့ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီများကို ပြပြီး ဤပုံများသည် ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီလက်ရာများကျန်ရှိနေသေးသည့် နိုင်ငံများအနက် အချို့နိုင်ငံများရှိ ပုံများကိုသာ ဖော်ပြထားခြင်းဖြစ်၍ ထပ်မံရှာဖွေလေ့လာနိုင်သေးကြောင်း ပြောပြပါ။

(အင်တာနက်ကို အသုံးပြုပြီး ကျောက်ခေတ်နှောင်းပိုင်း သို့မဟုတ် ကျောက်ခေတ်သစ် (Neolithic)ကို ရှာဖွေလေ့လာနိုင်ကြောင်း ညွှန်ပြပါ။)



DBE Box – Copyright Protected

**လေ့ကျင့်ခြင်း** ၂၀ မိနစ်

ဆရာက ကျောင်းသားကျောင်းသူတစ်ဦးလျှင် A4 စာရွက် ၂ ရွက်စီ ဝေပါ။ အမည်နှင့် အတန်းကို စာရွက်များ၏ ထိပ်တွင် ရေးစေမည်။

ပထမ ၁၀ မိနစ်တွင် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီသည် မိမိနှစ်သက်ရာ ကျောက်ခေတ်ဂူနံရံဆေးရေးပန်းချီပုံတစ်ပုံအကြောင်းကို အုပ်စုအတွင်း ညှိနှိုင်းဆွေးနွေးစေပြီး ပထမ A4 စာရွက်တွင် ရေးစေမည်။

(ဆွေးနွေးရာတွင် ပန်းချီပုံ၏အမည်၊ တွေ့ရှိရာဒေသ၊ ပန်းချီပုံတွင် ပါဝင်သောအချက်အလက်များ၊ သုံးစွဲထားသောဆေးအရောင်များစသည်တို့ကို အဓိကထားဖော်ပြပေးပြီး မိမိထင်မြင်ချက်ပေးနိုင်ရန် လိုကြောင်း ဆရာက လမ်းညွှန်မှုပေးမည်။)

ဒုတိယ ၁၀ မိနစ်တွင် ကျောင်းသားကျောင်းသူတစ်ဦးချင်းစီသည် မိမိနှစ်သက်ရာ ကျောက်ခေတ်ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီနှင့် သင်ကြားခဲ့ပြီးသော ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီများကို နှိုင်းယှဉ်စေပြီး ဒုတိယ A4 စာရွက်တွင် ရေးရန် ညွှန်ကြား၍ ရေးစေမည်။

(ဆွေးနွေးရာတွင် ကျောက်ခေတ်မြန်မာနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံ၏အမည်များနှင့် ပန်းချီပုံတွင် ပါဝင်သောအချက်အလက်များ၊ သုံးစွဲထားသော ဆေးအရောင်များ၏ တူညီသောအချက်များနှင့် ကွဲပြားသောအချက်အလက်များကို အဓိကထားဖော်ပြပေးနိုင်ရန် လိုကြောင်း ဆရာက လမ်းညွှန်မှုပေးမည်။)

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** ၅ မိနစ်

၁။ ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ထင်မြင်ချက်ပေးပါ။
၂။ ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီများကို နှိုင်းယှဉ်ပြပါ။

လေ့ကျင့်ခြင်းမှ ရရှိသော အုပ်စုလိုက် ရေးထားသည့် စာရွက်များကို စု၍ ဆရာက အောက်ပါအဆင့်အတိုင်း စစ်ဆေး၍ အဆင့်သတ်မှတ်ပေးပါ။

**မေးခွန်း(၁)ကို စစ်ဆေးခြင်း**

A- ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ပြည့်စုံစွာထင်မြင်ချက်ပေးနိုင်ခြင်း
B- ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ထင်မြင်ချက်ပေးနိုင်ခြင်း
C- ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ထင်မြင်ချက် မပေးနိုင်ခြင်း

**မေးခွန်း(၂)ကို စစ်ဆေးခြင်း**

A- ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီကို ကောင်းမွန်စွာ နှိုင်းယှဉ်ပြနိုင်ခြင်း
B- ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီကို နှိုင်းယှဉ်ပြနိုင်ခြင်း
C- ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီကို နှိုင်းယှဉ် မပြနိုင်ခြင်း


(စစ်ဆေးပြီးသောစာရွက်များကို အခန်း(၃)၊ သင်ခန်းစာ(၂) ပန်းချီဖိုင်တွဲတွင် သိမ်းဆည်းပါ။)

**အနှစ်ချုပ်အဓိကအချက်များ**

- ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီပုံများမှ နှစ်သက်သောပန်းချီပုံတစ်ပုံကို ထင်မြင်ချက်ပေးနိုင်ခြင်း
- ကျောက်ခေတ်မြန်မာ့ဂူနံရံဆေးရေးပန်းချီနှင့် ကမ္ဘာ့ဂူနံရံဆေးရေးပန်းချီများကို နှိုင်းယှဉ်ပြတတ်ခြင်း

DBE Box – Copyright Protected

**အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း**




DBE Box – Copyright Protected